# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

ပါတီစည်းရုံးရေးစာစဉ်

ဒီဇင်ဘာ၊ ၂၀၂၄



December, 20

# တော်လှန်တဲ့ပြည်သူတွေလှုရာမဝင်သေးသရွေ့....

ဗိုးတောင်းနစ်လို့ ဖောင်းခြမ်းပေါ် တော်လှန်တဲ့ ပြည်သူတွေ လှုရာမဝင်သေးသရွေ့ ... ဆိုတဲ့ မိတ်ဆွေရဲဘော်ကြီးတဦးရဲ့ သီချင်းစာသား အမှတ်ရတယ်။

၂၀၂၂ – နွေဦးတော်လှန်ရေးရဲ့ အခရာအကျဆုံး အနှစ်သာရဟာ စစ် ၃ စစ် စိုးမိုးမှုကို ဗမာမြေပေါ်မှာ အပြီးအပိုင်ဖျက်သိမ်းရေး ဖြစ်တယ်။ ဒါမှ လုပ်စားကိုင်စား ဗမာ့လူထုကြီးအတွက် လူချင်းတူတူဘဝကို ရကြမှာ ဖြစ်တယ်။ နိုင်ငံရေးဝေါဟာရတွေ လှိုင်ဘောလယ်အောင် မပြောတတ်ပေမယ့် ဗမာပြည်သမိုင်းလက်တွေ့အရ လူထုကြီးဟာ ဘဝအသိနဲ့ တော်လှန်ပုန်ကန်မှုကို စ’ခဲ့ကြတာပဲ။ စစ်ပန်းသည်ဖြစ်စေ၊ တိုက်ပွဲ အီ’သည်ဖြစ်စေ လူမျိုးစုံ ဗမာပြည်သူတွေရဲ့ ဘဝအသိဟာ စစ်အုပ်စုကို မလိုချင်ဘူးဆိုတာ အခြေတကျ ခိုင်မာသွားခဲ့ပြီ။ ဒါ့ကြောင့် အင်အား၊ လေ့ကျင့်သား ဝ’ နေတဲ့ တပ်ဖွဲ့၊ လက်နက်၊ ခနဉစ္စာ စတဲ့ အပေါ်စီးရမှုတွေ သာလွန်ချက်ရှိနေတဲ့ စစ်အုပ်စုဟာ ဘုန်းဘုန်းကျ စစ်မရှုံး သေးပေမယ့် စစ်အနိုင်တိုက်နိုင်စွမ်း မရှိတော့တာ စစ်မြေပြင်တိုင်းမှာ အထင်အရှား မြင်နေရပြီ။

လူမျိုးစုံဗမာပြည်သူတွေနဲ့တူတူ ကိုယ်ကျိုးစွန့်၊ အသက်စွန့် တိုက်ပွဲဝင်ခဲ့ကြ၊ ဝင်နေကြတဲ့ ပါတီရဲဘော်များကို ပါတီက ဂုဏ်ယူ ချစ်ခင် ကျေးဇူးတင်မဆုံး ရှိတယ်။

ပါတီနဲ့ ရဲဘော်တို့ရဲ့ တိုက်ပွဲဟာ အထက်ကဆိုခဲ့သလို စစ် ၃ စစ် စိုးမိုးမှုကို ဗမာမြေပေါ်မှာ အပြီးအပိုင် မဖျက်သိမ်းနိုင်သေးသရွေ့ ချွေး သွေး မျက်ရည်တွေနဲ့ တော်လှန်ခရီးကြမ်း ဆက်ကြရဦးမှာပဲ။ ဒါ လူမျိုးစုံဗမာပြည်သူတွေ ရွေးချယ်လိုက်တဲ့ လမ်း၊ နိုင်ငံရေးအရ သမိုင်းအရ မှန်ကန်တဲ့လမ်း၊ တနည်းအားဖြင့် ပါတီဖြတ်သန်းရမယ့် လမ်း၊ ရဲဘော်တို့ရဲ့လမ်းပဲ ဖြစ်တယ်။

ဒီနေရာမှာ ပါတီရဲ့ မူ၊ လမ်းစဉ် လုပ်ငန်းစဉ်၊ အခြေခံနိုင်ငံရေးရပ်တည်ချက်တွေကို ရဲဘော်များ မမေ့မလျော့ မပေါ့မဆ နှလုံးသွင်းနိုင်ကြမယ်လို့ ယုံတယ်။ ကြယ်လေးလုံးရဲ့ သားကောင်း သမီးမွန်များဟာ ဆုပ်ထားတဲ့ လက်တွေကို ဖြည်လျှော့ကြမှာ မဟုတ်ဘူးလို့ ချစ်ခင်လေးမြတ်မှုအပြည့်နဲ့ ယုံကြောင်း ပြောချင်တယ်။

ဘယ်အထိလဲ၊ ရဲဘော်တို့ ... တော်လှန်တဲ့ ပြည်သူတွေ လှုရာမဝင်သေးသရွေ့ ... အထိပေါ့။

ရည်ညွှန်း ။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အခြေခံနိုင်ငံရေးရပ်တည်ချက်၊ အထွေထွေ နိုင်ငံရေးသဘောထား (၂၀၂၁)၊ လတ်တလောလုပ်ငန်းစဉ် (၂၀၂၁)။

■



# စစ်ကြောရေး

**စောဝင်း**

စစ်ကြောရေး လို့ ဆိုတာနဲ့ နိုင်ငံရေး မပတ်သက်တဲ့ သာမန်နိုင်ငံသား ပြည်သူတွေအကြားထိ ငရဲခန်းဆိုတဲ့အသိ ပေါ်လာတတ်တယ်။ စစ်အုပ်စုအဆက်ဆက်က လက်သံပြောင်ပြောင် ရက်စက်ခဲ့ကြတာကိုး။

အခုပြောမှာက လူပုဂ္ဂိုလ်တဦးရဲ့ စစ်ကြောရေးဖြတ်သန်းမှု မဟုတ်ဘူး။ ကြားဖူး လေ့လာဖူး သလောက် စောမောင် – ခင်ညွန့်တို့ လက်စွမ်းပြခဲ့ကြတဲ့ အဲ့ဒီဖြတ်သန်းမှုတချို့အကြောင်း ပြုစုကြည့်တာပဲ။ (၁၉၈၈ – ၂၀၀၄) ကာလမှာ ထောက်လှမ်းရေးတာဝန်ယူခဲ့တဲ့ ဗိုလ်ခင်ညွန့် ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေ ဆိုရင် ပိုတိကျမယ် ယူဆပါတယ်။

အဲ့ဒီကာလ နိုင်ငံရေးအရ အာခံ အံတုသူအပေါင်းကို တံမြက်လှည်းသလို သိမ်းကျုံး ဖမ်း၊ နှိပ်စက်၊ အသက်ဆုံးကြရ တာတွေ ကြွားဖူး သိဖူးနိုင်တယ်။ တကယ်ပဲ ဘာမဟုတ်တဲ့ ဝဲကိုက်နာကအစ အသက်ဆုံးတဲ့အထိ ပညာရှိနှိပ်စက်မှုတွေ ရှိခဲ့တယ်။ (ကရင်အမျိုးသား စောဆမိတ် – ဘိုကလေး)

ကျနော့် အမှတ်အသားအရ စစ်ကြောရေးမှာ စစ်အုပ်စုရဲ့ ရန်သူ၊ ပြည်သူ့ဘက်သားတွေဟာ အခြေခံအားဖြင့် အမျိုးအစားအုပ်စု ၃ စု (သဏ္ဍာန် ၃ မျိုး) စစ်ကြော နှိပ်စက်မှုဒဏ် ခံကြရတယ်။

ပထမဆုံး အမျိုးအစားကတော့ စစ်တပ်ရဲ့ မတော်မတရားမှုကို မခံချင်စိတ်နဲ့ အာခံကြတဲ့သူတွေ။

လူငယ် ကျောင်းသားအများစု ဖြစ်နိုင်တယ်။ ''အလုပ်ရှုပ်အောင် လုပ်သူတွေ၊ သေရင် သေပစေ'' သဘောထားနဲ့ စဖမ်းပြီ ဆိုကတည်းက အတင်းရိုက် ထိုးကြိတ် စသဖြင့် သေ'အထိ ဖြစ်ကြတယ်။ ''လုံခြုံရေး''ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဖမ်းသွားမှန်းလည်း လူမသိရ၊ ဘယ်ရောက် ဘယ်ပေါက်လို့ ဘယ်အခြေ ဆိုက်နေတာလဲ ဘယ်သူမှ တိတိကျကျ မသိနိုင်တော့ ကျိုး ကန်း သေကြေကြလည်း စာရင်းပျောက် အင်းပျောက်ပေါ့။ ဒီလူတွေ အများစုဆီက စစ်အုပ်စုဟာ ဘာအချက်အလက်မှ ရဖို့ မမျှော်လင့်ဘူး၊ အထက်မှာဆိုခဲ့သလို ''အလုပ်ရှုပ်သူတွေ''အဖြစ် ရက်စက်တာပဲ။ (ခြွင်းချက်တချို့ ရှိနိုင်ပါတယ်။)

ဒုတိယကတော့ တစုံတရာ အချက်အလက် ရနိုင်တယ်။ သို့ပေမယ့် ထင်ရှား လူသိများသူတွေ ဖြစ်နေပြန်တော့ ဖမ်းထားတယ်၊ ထောက်လှမ်းရေး–စစ်ကြောမှု ဖြတ်နေတယ်လို့ နောက်ကျန်သူများက တစွန်းတစ ရိပ်မိနိုင်သူတွေ။ သူတို့ကတော့ မတော်တဆ လက်လွန်ခြေလွန် အနည်းအကျဉ်းကလွဲရင် သေတာ နည်းတယ်။ အချက်အလက် ညှစ်ထုတ်ဖို့ မချိမဆန့်တော့ ခံကြရတယ်။

တတိယနဲ့ နောက်ဆုံးအုပ်စုကတော့ စစ်အုပ်စုအဖို့ သမိုင်းနဲ့ချီပြီး ရန်ဘက်ဖြစ်ခဲ့တဲ့ နိုင်ငံရေး သမားတွေ။ သူတို့ကတော့ အချက်အလက်အားဖြင့် အဖိုးတန်တာ ရကောင်းရနိုင်သူတွေ ဖြစ်သလို သေချင်သေ – ကိုယ့်နာမည် ပျက်ချင်ပျက်ဆိုတဲ့ သဘောထားနဲ့ အပြင်းထန်ဆုံး ရက်စက်ကြမ်းကြုတ်မှု တွေကို ရင်ဆိုင်ကြရတယ်။ မသေလည်း လူစဉ်မမီ ဖြစ်ကြရ၊ ပတ်သက်ဆက်နွယ်တဲ့ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေများအထိ ဘဝပျက်သည်အထိ ရန်ရှာခံကြရတယ်။ စစ်ကြောရေးကို လွန်လို့ ထောင် တရားဝင် ချပြီးတော့လည်း မလိမ့်တပတ် နည်းမျိုးစုံနဲ့ ထောင်ထဲမှာ မတော်တဆ အသက်ဆုံးအောင် စနစ်တကျ သတ်ဖြတ်ခံကြရတယ်။

ယေဘုယျကတော့ စစ်ကြောရေးဆိုတာ ဖမ်းသွားမှန်းလည်း လူမသိရ၊ ဘယ်ရောက် ဘယ်ပေါက်လို့ ဘယ်အခြေ ဆိုက်နေတာလဲ ဘယ်သူမှ တိတိကျကျ မသိနိုင်၊ တရားဝင် ထောင်တန်းချခံရပြီ ဆိုရင်တော့ လူသိရှင်ကြား (အနိမ့်ဆုံး မီဒီယာတွေ သိနိုင်) ဆိုတာမျိုးမို့ ကိုယ်က တတိယအမျိုးအစားထဲ မပါရင် အသက် လုံခြုံသင့်သလောက် လုံခြုံနိုင်တယ်။ ( ဒီနေရာလည်း ခြွင်းချက်တချို့ ရှိနိုင်တယ်။) အဲ့ဒီ တတိယအမျိုးအစားအတွက်ကတော့ ရန်သူ့လက် ကျ'ပြီ ဆိုတာနဲ့ ငရဲခန်းအပြင် သင်္ချိုင်းအထိ လမ်းပွင့်သွားတာပဲ။

မှတ်သားမိသလောက် စစ်အုပ်စုရဲ့ စစ်ကြောရေးဆိုတာကို ခဲခြစ်ပုံကြမ်း ရေးကြည့်တာ။ ဖြည့်စရာ ပြင်စရာ တွေတော့ ဖြည့်ကြ၊ ပြင်ကြပေါ့။။

**စောဝင်း**




# ပါတီဖွဲ့စည်းတည်ထောင်ခြင်း ၃၆ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ဦးအေးလွင် ( အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ – NUCC ) ပြောကြားသည့် အမှတ်တရစကား

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ခေါင်းဆောင်များ ပါတီဝင်ရဲဘော်များ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ ခေါင်းဆောင်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါရစေ။

ကျနော်ကတော့ ရဲဘော် အေးလွင်ပါ။ ABSDF တပ်မှာ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တဦးဖြစ်သလို ABSDF တပ်ရဲ့ကိုယ်စား NUCC မှာ ကောင်စီဝင်အဖြစ် ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီနေ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ဂုဏ်ယူရမယ့် နေ့ထူးနေ့မြတ်ဖြစ်တဲ့ (၃၆) နှစ်ပြည့်မြောက်တဲ့ အထိမ်းအမှတ် အခမ်းအနားမှာ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကိုယ်စား စကားပြောခွင့်ရတဲ့အတွက်လည်း အထူးပင် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ ကျွန်တော်တို့ ရှစ်လေးလုံး မျိုးဆက်ကနေ ပေါ်ပေါက်လာတဲ့ ကျနော်တို့ရဲ့ ညီအစ်ကို ရဲဘော်ရဲဘက်ပါတီ တခုလည်း ဖြစ်ပါတယ်။ ပထမဦးစွာ ပြောချင်တာက (၃၆) နှစ်တာခရီးကြမ်းမှာ အသက် ဘဝ ခန္ဓာတွေ ပေးဆပ်စွန့်လွှတ်ခဲ့ကြတဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီ ရဲဘော်အပေါင်းကို ဦးညွှတ်အလေးပြုပါတယ်။ ယခုအချိန်ထိလည်း အခက်အခဲ အကြပ်အတည်း အမျိုးမျိုးကြားထဲကနေ ကြံ့ကြံ့ခံရပ်တည် တိုက်ပွဲဝင်နေကြတဲ့ ပါတီခေါင်းဆောင်နဲ့ ပါတီဝင်ရဲဘော် အပေါင်းကိုလည်း အထူးပင် လေးစားဂုဏ်ပြုလိုပါတယ်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ စစ်အာဏာရှင်ဖျက်သိမ်းရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ရရှိရေးတို့အတွက် ရှစ်လေးလုံးလူထုအရေးတော်ပုံမှာ ရဲဝံ့စွာ တိုက်ပွဲဝင်ခဲ့ကြတဲ့ ကျောင်းသားများ၊ လူငယ်များ၊ ပြည်သူများနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ ပါတီဖြစ်တဲ့အတွက် လူထုလိုအပ်ချက်ဖြစ်တဲ့ စစ်အာဏာရှင် စနစ် အကုန်အစင် ဖျက်သိမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပြည့်ဝဖို့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိစေရန် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို တစိုက်မတ်မတ် ဆောင်ရွက် နေပြီး မပြီးဆုံးသေးတဲ့ တော်လှန်ရေးခရီးကို တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုတွေနဲ့ အတူလက်တွဲပြီး စုစုစည်းစည်း ဆောင်ရွက်တိုက်ပွဲဝင်နေတဲ့ အတွက်လည်း လေးစားတန်ဖိုးထား ဂုဏ်ပြုလိုပါတယ်။

ကျနော် ဒီမှာ လူ့ဘောင်သစ်ဒီမိုကရက်ပါတီရဲ့သမိုင်းကို အများကြီး မပြောလိုပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ စစချင်းမှာပဲ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ တော်လှန်ရေးဖြတ်သန်းမှုသမိုင်းကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ ကျွန်တော်တို့ လူထုအရေးတော်ပုံ၊ လက်နက်ကိုင် တော်လှန်ရေး၊ မြေပေါ်မြေအောက် လှုပ်ရှားမှုအပါအဝင် တပ်ပေါင်းစုပေါင်းစုံမှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ သံတမန်ရေး၊ တိုက်ပွဲသဏ္ဍာန်ပေါင်းစုံနဲ့ ဆက်စပ်ပူပေါင်း တိုက်ပွဲဝင်ခဲ့တာကိုလည်း အသိအမှတ် ပြုပါတယ်။ ထူးခြားတာတခုက လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ လက်နက်ကိုင်တော်လှန်ရေးမှာ လည်း ဆက်စပ်ပူးပေါင်းဆောင်ရွက်နေခဲ့တာ၊ နေတာကလည်း အခြားသောပါတီတွေနဲ့ မတူတဲ့ ထူးခြားမှုတခုပါပဲ။ အဲ့လိုပဲ ဂုဏ်ပြုမှတ်တမ်းတင်ချင်ပါတယ်။ ကျနော်ကိုယ်တိုင်လည်း အဲ့လိုပဲ မှတ်ယူ ထားပါတယ်။

တဆက်တည်းပြောရရင် ကျွန်တော်တို့ ၁၉၉၀–၂၀၁၀ ရွေးကောက်ပွဲအပြီး စစ်အုပ်စုက အနိုင်ရပါတီတွေကို အာဏာမအပ်တဲ့အပြင် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးမှာ တက်တက်ကြွကြွနဲ့ ပါဝင်ဆောင်ရွက်ခဲ့တဲ့ ခေါင်းဆောင်တွေ၊ ရဲဘော်တွေ၊ ပါဝင်ဆောင်ရွက်နေကြတဲ့ ခေါင်းဆောင်တွေ၊ ရဲဘော်တွေကို အကြမ်းဖက်ဖမ်းဆီး သတ်ဖြတ် ဖိနှိပ်ရက်စက်မှုတွေနဲ့အတူ နိုင်ငံရေးပါတီတွေရဲ့ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်တွေ ဆုံးရှုံးလာတဲ့အခါမှာတော့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာလည်း ERO တွေရဲ့ လွတ်မြောက်နယ်မြေတွေဆီ ရောက်လာတော့ တပ်ပေါင်းစုအသီးသီးမှာ တက်ကြွစွာ ပူးပေါင်း ပါဝင်ရင်းနဲ့ အခက်အခဲ အကြပ်အတည်းများစွာထဲကနေ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် သွားနေ တာကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရတဲ့အတွက် ထပ်လောင်းလေးစား ဂုဏ်ပြုပါရစေ။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အထွေထွေနိုင်ငံရေးဦးတည်ချက်မှာ ပါဝင်တဲ့ စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံနိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ဦးတည်ချက်များဟာ လက်ရှိ နွေဦးတော်လှန်ရေးကာလရဲ့ အဓိက ဦးတည်ချက်များဖြစ်တဲ့၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီရဲ့ မျှော်မှန်းချက်များလည်း ဖြစ်တဲ့ အတွက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ ဘုံရည်မှန်းချက်တူသည့် အစုအဖွဲ့များနှင့်အတူ NUCC မှာ တက်ကြွစွာ ပူပေါင်းဆောင်ရွက်နေခြင်းနဲ့ ဒုတိယအကြိမ် ပြည်သူ့ညီလာခံ ဆုံးဖြတ်ချက် အဆက်ဖြစ်တဲ့ NUCC ပြုပြင်ပြောင်းလဲရေး၊ NUCC Reform လုပ်ငန်းစဉ်တွေမှာလည်း NUG၊ CRPH အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ဆက်စပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်နေတဲ့ နေရာမှာလည်း ကျရာအခန်း

ကဏ္ဍာကနေ ပါဝင်ဆောင်ရွက်နေတာကိုလည်း လေးစားတန်ဖိုးထားမိပါတယ်။ ကျနော်တို့ တော်လှန်ရေးမှာ အားသာချက်တွေ၊ အားနည်းချက်တွေနဲ့ အခက်အခဲတွေ ဘယ်လိုရှိနေပါစေ။ ကြံ့ခိုင်စွာ ရပ်တည်ရင်း ညီညွတ်ရေးကို ရှေ့ရှုကာ ဘုံနိုင်ငံရေးရည်မှန်းချက်ဖြစ်တဲ့ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အကုန်အစင်ဖျက်သိမ်းရေးနဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အပြည့်အဝ အာမခံနိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အစွမ်းကုန် ကြိုးစား ပူးပေါင်းဆောင်ရွက်ကြဖို့နဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ (၃၆) နှစ်ပြည့် အထိမ်းအမှတ်နေ့အဖြစ် တော်လှန်ရေးခေါင်းဆောင်များ၊ ရဲဘော်များနဲ့ အဖွဲ့အစည်းအသီးသီးကို ကျနော်တို့ NUCC က တိုက်တွန်း တောင်းဆိုလိုပါတယ်။

နောက်ဆုံးအနေနဲ့ ပြောလိုတာကတော့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ အနေနဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ နိုင်ငံရေးမူဝါဒများ၊ နိုင်ငံရေးစံနှုန်းများကို အလေးအနက် အသိအမှတ်ပြုပြီးတော့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အပြည့်အဝ အာမခံနိုင်သော ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အဆုံးသတ်ရေးတို့အတွက် နည်းလမ်းပေါင်းစုံဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်တယ်လို့ ကျနော်တို့ NUCC ကိုယ်စား ပြောလိုပါတယ်။ ဒ့ါအပြင် ပါတီရဲ့ (၃၆) နှစ်တာ တော်လှန်သစ္စာအတွက် အလေးအနက် ဦးညွှတ် ဂုဏ်ပြုပါကြောင်းလည်း ကျနော် ပြောလိုပါတယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အဓွန့်ရှည်ပါစေကြောင်းလည်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ပြည်သူလူထုကြီးနဲ့ တော်လှန်ရေး ရဲဘော်အပေါင်း ကျန်းမာချမ်းသာပြီး ပြည့်စုံပြီး ဘေးကင်းလုံခြုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း နိဂုံးချုပ်ပါရစေ။

အားလုံးကို အထူးပင်ကျေးဇူးတင်ပါတယ်။

■

# မတရားမှုကို ကြံ့ကြံ့ခံတွန်းလှန်နေသည့် အမျိုးသမီးများ (အပိုင်း – ၂)

**ဒေါ်နှင်းနှင်းမွှေး (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)**

သံလွင်ခက် (ကွပ်ပျစ်စကားဝိုင်း) အောက်တိုဘာ၊ ၂၈၊ ၂၀၂၄

**မေး။ ။ ဆရာမ စောစောက ပြောသွားတာလေး သဘောကျတယ်။ ကျမတို့အမျိုးသမီးတွေမှာ စွမ်းအားရှိတယ်။ မတူညီတဲ့ စွမ်းအားရှိတယ်ဆိုတာပေါ့။ စစ်ဘေးဒုက္ခသည်စခန်းတွေကို ကြည့်လိုက်တဲ့အခါ အခက်အခဲတော့ရှိတယ် ဆိုပေမယ့် အမျိုးသမီးဦးဆောင်တဲ့ စစ်ရှောင်စခန်းတွေဆိုရင် စားနပ်ရိက္ခာဖူလုံမှုက တခြား စစ်ရှောင်စခန်းတွေထက် ပိုတယ်လို့ ပြောလို့ရတယ်။ ကျမတို့အမျိုးသမီးတွေ၊ လက်ရှိအချိန်မှာ ဒုက္ခတွေ အခက်အခဲတွေ ခံစားနေရတဲ့ အမျိုးသမီးတွေကို ဆရာမအနေနဲ့ အကြံပြုချက် အားပေးစကား ပြောပြပေးပါဦး။**

**ဖြေ။ ။** ကျမတို့ရဲ့ လက်တွေ့ အတွေ့အကြုံတွေအရ ကိုယ်ကိုယ်တိုင်လည်း ဖြတ်သန်းခဲ့ရတဲ့ အခြေအနေတွေအရဆိုရင် အမျိုးသမီးတွေမှာ ပင်ကိုယ်ဗီဇသဘာဝအရကိုက အမျိုးသားများထက် ပိုပြီးတော့ စေ့စပ်သေချာမှုနဲ့ စီမံခန့်ခွဲမှုအပိုင်းမှာ ပိုအားကောင်းတယ်ဆိုတာ တွေ့ရတယ်။ အဲ့ဒီအချက်တွေကို ကျမတို့ကိုယ်ကိုယ်တိုင် သိပြီးတော့ သေချာအသုံးပြုနိုင်ဖို့လိုတယ်လို့ ထင်တယ်။ လူ့သဘာဝဆိုတာ အခက်အခဲတွေကြုံတဲ့အခါမှာ ကျော်လွှားသွားနိုင်တဲ့အစွမ်း၊ တုန့်ပြန်နိုင်တဲ့အစွမ်း ထွက်လာတယ်လို့ အတွေ့အကြုံအရ သိရတယ်။ စီမံခန့်ခွဲမှုအပိုင်းမှာဆိုရင်လည်း သူတို့က ပိုပြီး စေ့စေ့စပ်စပ်နဲ့ စီမံခန့်ခွဲနိုင်တယ်၊ ချိတ်ဆက်နိုင်တယ် ဆိုတာ အင်မတန်အားကောင်းတဲ့ကိစ္စ ဖြစ်တယ်။

အခွင့်အရေးဆိုတာ တောင်းယူလို့မရဘူး၊ တိုက်ယူမှရတယ်လို့ ပြောကြတယ်။ အဲ့ဒါက ကျမတို့ရဲ့ တကယ့်လက်တွေ့ကနေ ပေါ်ထွက်လာတဲ့၊ ကျမတို့နိုင်ငံရဲ့ ဖိနှိပ်ခံရမှုအခြေအနေကနေ ပေါ်ထွက်လာတဲ့ စကားလို့ ထင်တယ်။ ဒါပေမဲ့ တဖက်မှာဆိုရင်လည်း အခွင့်အရေးဆိုတာက လူတိုင်းလူတိုင်းမှာ ရှိတယ်လို့ ကျမမြင်တယ်။ လူတိုင်းလူတိုင်းက လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနဲ့အညီ နေထိုင်ခွင့်ရှိတယ်။ ဗမာတိုင်းရင်းသားပဲဖြစ်စေ၊ ဗမာမဟုတ်သော အခြားတိုင်းရင်းသားပဲဖြစ်စေ၊ တန်းတူညီမျှမှုတို့၊ လွတ်လပ်မှုတို့၊ အမျိုးသားသွေးစည်းညီညွတ်မှုတို့ဆိုတာ တကယ်ကို ရှိသင့်ရှိထိုက်တဲ့ အခြေအနေဖြစ်တယ်။ အဲ့ဒါတွေမရှိလို့၊ နိုင်ငံရေးအရ ပြောလို့မရလို့ လက်နက်ကိုင်ပြီး တိုက်ပွဲဝင်နေကြရတာဖြစ်တယ်။ အဲ့ဒီမှာ အမျိုးသမီးတွေအများကြီး ပါကြတယ်။ နေရာပေါင်းစုံ ကဏ္ဍပေါင်းစုံကနေ ပါကြတယ်။ ပါတဲ့အခါမှာ သူတို့ရဲ့ စွမ်းရည်တွေကို အခုကာလမှာ ပိုပြီးတော့ ထင်ထင်ရှားရှား တွေ့မြင်လာနိုင်တာက အင်မတန်မှ ကောင်းတဲ့ကိစ္စ ဖြစ်တယ်လို့ ပြောချင်တယ်။

နောက်တခုကကျတော့ အမျိုးသမီးများရဲ့ပါဝင်မှု ဆိုတဲ့နေရာမှာ တိုက်တွန်းချင်တာရယ်၊ နောက်တခုက နိုင်ငံရေးမှာလည်း အရေးကြီးတယ်လို့ ကျမ ယုံကြည်ယူဆတဲ့အချက် ဖြစ်ပါတယ်။ ကျမတို့နိုင်ငံမှာဆိုရင် အမျိုးသမီးထုက နိုင်ငံ့လူဦးရေရဲ့ ရာခိုင်နှုန်း ၅၀ ကျော် ဖြစ်တယ်။ ဒီလောက်တောင်

အားကောင်းတဲ့ အမျိုးသမီးထုကြီးက ကိုယ့်ကိုယ်ကို ဒုတိယတန်းစားနေရာမှာ ထားမယ့်အစား အခုလိုမျိုး ပါဝင်လာကြတာ အင်မတန်ကောင်းတယ်။ အဲ့ဒီ့ပါဝင်မှုကို ဆက်ပြီးတော့ သယ်ဆောင်သွားနိုင်ဖို့ လိုတယ်လို့ မြင်တယ်။ အဲ့ဒါမှသာ ကျမတို့နိုင်ငံမှာရှိတဲ့ ဘယ်လိုကိစ္စမျိုးကိုမဆို ပြုပြင်ပြောင်းလဲတဲ့နေရာမှာ တကယ်ကို ထိထိရောက်ရောက် လျှင်လျှင်မြန်မြန် လုပ်နိုင်လိမ့်မယ်လို့ ယူဆတယ်။

အနာဂတ်ကာလ နိုင်ငံရေးမှာ အမျိုးသမီးများရဲ့ နိုင်ငံရေးမှာပါဝင်မှု ဆိုတာအပြင် အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာဦးဆောင်မှု ဆိုတဲ့အခန်းကဏ္ဍကို ပိုပြီး မြင့်တက်လာစေချင်တယ်။ မြင့်တက်လာလိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်တယ်။ နိုင်ငံတကာမှာဆိုရင်လည်း ဝန်ကြီးချုပ်အဖြစ်၊ သမ္မတအဖြစ် တာဝန်ယူနေကြတဲ့ အမျိုးသမီးခေါင်းဆောင်တွေ အများကြီးပေါ်ထွက်လာတယ်။ ဒါဟာ အင်မတန်ကောင်းတဲ့ကိစ္စ ဖြစ်တယ်။ ကျမတို့နိုင်ငံမှာ အခက်အခဲ အဟန့်အတားတွေကြောင့် ဒေါ်အောင်ဆန်းစုကြည်က သမ္မတဖြစ်ခွင့် မရခဲ့ဘူး။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆိုတဲ့နေရာမှာပဲ နေပြီးတော့ စီမံခန့်ခွဲရတဲ့ကိစ္စတွေ ရှိခဲ့တယ်။ ဒါပေမဲ့ လာမယ့်အနာဂတ်မှာ အဲ့ဒါတွေ မလိုတော့ဘူးလို့ မြင်တယ်။ တကယ်ကို တာဝန်ယူနိုင်တဲ့ အခြေအနေ၊ အနေအအထားမျိုး ကျမတို့မှာ ရှိပြီးသားပဲ။ သူတို့တောင် လုပ်နိုင်လို့ရှိရင် ကိုယ်ဘာလို့ မလုပ်နိုင်ရမလဲ။ နိုင်ငံရေးသမားဆိုတာ ကိုယ်က နေရာတကာမှာ အလုံးစုံ သိနေရမယ်လို့ မဆိုလိုဘူး။ စီးပွားရေးကဏ္ဍ၊ ဥပဒေပိုင်းဆိုင်ရာကဏ္ဍ၊ ဘယ်ကဏ္ဍမှာမဆို ကိုယ့်ကို ကူညီမယ့် ပံ့ပိုးမယ့်သူတွေက ကိုယ့်ရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာ မူတည်ပြီးတော့ အများကြီး ရှိလာနိုင်တယ်။ သေချာတာက ကိုယ်လုပ်ဖို့လိုတယ်။ ကိုယ်တာဝန်ယူတဲ့အပိုင်းမှာ ဘာတွေလုပ်ရမယ်ဆိုတာ သိနေဖို့ လိုတယ်။ ကိစ္စရပ်တိုင်းကို ကျွမ်းကျင်ဖို့ မလိုဘူး။ ဒီနိုင်ငံဟာ ဘယ်လိုဖြစ်သင့်တယ်ဆိုတဲ့ အပိုင်းကိုပဲ ကိုယ်ကနိုင်ငံရေးအရ သေသေချာချာ သိထားလို့ရှိရင် ရပြီ။

လာမယ့်အနာဂတ် ပြည်ထောင်စုအတွက် အခု ကျမတို့ ဆွေးနွေးနေကြ၊ ပြောဆိုနေကြတာ ရှိတယ်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို သွားကြမယ်ဆိုပြီး ညှိနှိုင်းတိုင်ပင်နေတာတွေ ရှိတယ်။ အပေါ်ကလာတဲ့ ဖက်ဒရယ်မျိုးမဟုတ်ဘဲနဲ့ bottom up federalism သွားကြမယ်လို့ ဆွေးနွေးတိုင်ပင် ညှိနှိုင်းနေကြတယ်။ အစုအဖွဲ့တွေကြားထဲမှာ သဘောတူညီချက်တချို့လည်း ရှိကြတယ်။ Subsidiarity လို့ခေါ်တဲ့ လူထုကို အခြေပြုတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ ပေါ်ထွက်လာအောင် ဆောင်ရွက်မယ်ဆိုတဲ့ ဆွေးနွေးညှိနှိုင်းမှုတွေလည်း လုပ်နေကြတယ်။ ဆိုတော့ အဲ့ဒီလို အခြေအနေတွေက အမျိုးသားများနည်းတူ ကျမတို့အမျိုးသမီးတွေ ပါဝင်နိုင်ဖို့ အခင်းအကျင်း၊ အခွင့်အလမ်းကောင်းတွေလို့ ယူဆတယ်။ အဲ့တော့ လက်ရှိမှာ ကိုယ်ဆုပ်ကိုင်လို့ရနေတဲ့ အခွင့်အရေး၊ အခွင့်အလမ်းတွေကို နောက်မဆုတ်ဘဲ တာဝန်ယူကြပြီးတော့၊ ရှေ့ကို တဆင့်တက်လှမ်းပြီးတော့၊ ရှေ့ဆက်ပြီးတော့လည်း ဒီပြည်ထောင်စုရဲ့ ကောင်းမွန်တဲ့ အခင်းအကျင်းကို ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုတယ်လို့ ယူဆပါတယ်။

■

# ပါတီဖွဲ့စည်းတည်ထောင်ခြင်း
# ၃၆ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင်
# နှင်းမို့မို့
# (အထွေထွေအတွင်းရေးမှူး၊ အမျိုးသမီးများအဖွဲ့ချုပ်မြန်မာနိုင်ငံ – WLB)
# ပြောကြားသည့် အမှတ်တရစကား

ပထမဆုံးအနေနဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ဖွဲ့စည်းတည်ထောင်ခြင်း ၃၆ နှစ်ပြည့်မှာ ဒီလို ဖိတ်ကြားတဲ့အတွက်၊ တက်ရောက်ခွင့် ပါဝင်ခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ၃၆ နှစ်ပြည့် ဖွဲ့စည်းတည်ထောင်ခြင်း အခမ်းအနားမှ မဟုတ်ဘဲနဲ့ ကျန်ခဲ့တဲ့ နှစ်တွေမှာလည်း နှစ်တိုင်းလိုလို ပါဝင်တက်ရောက်ခွင့် ရတဲ့အတွက် အများကြီး ဝမ်းသာတယ်၊ အများကြီး ကျေးဇူးတင်တယ်။ ဒီ ၃၆ နှစ်ပြည့် အခမ်းအနားမှလည်း ကျမတို့ အားအင်တွေ ရတယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ၃၆ နှစ်တာကာလမှာ လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းတွေ၊ ဘယ်လိုမူဝါဒတွေ၊ ဘယ်လိုမျှော်မှန်းချက်တွေနဲ့၊ ဘယ်လိုနည်းဗျူဟာတွေနဲ့ ဘယ်လိုမျိုးလုပ်ဆောင်ခဲ့တယ်ဆိုတာ အစောပိုင်းမှာ ကျမတို့ကို ပြသသွားခဲ့တယ်။ အဲ့ဒီကနေ ကျမတို့ စိတ်ခွန်အားတွေ၊ အခြားအားအင်တွေ အများကြီးရပါတယ်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ အခုဆိုလို့ရှိရင် ၃၆ နှစ်ဆိုတော့ တအားကို သက်တမ်းရင့်တဲ့ နိုင်ငံရေးပါတီတခု ဖြစ်တယ်။ တပြိုင်နက်တည်းမှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အနေနဲ့ မြန်မာနိုင်ငံမှာ ရှားပါးတဲ့ပါတီလိုမျိုးဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖိနှိပ်ခံလူတန်းစားတွေကို ကိုယ်စားပြုတဲ့ ပါတီဖြစ်တယ်။ အလုပ်သမားလူတန်းစား၊ ဖိနှိပ်ခံလူတန်းစား၊ လူလတ်တန်းစားတွေကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီ ဖြစ်တယ်ဆိုတော့ တကယ့်ကို ရှားပါးတဲ့ ပါတီတခုအနေနဲ့ တည်ရှိနေတာ ကျမတို့အနေနဲ့ အများကြီးဝမ်းသာတယ်။ တအားကိုလည်း လေးစားအားကျရတယ်။ ကျမတို့က လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ပါတီတခုထက် ကျော်ပြီးတော့၊ ပါတီဆိုတဲ့ အကန့်အသတ်ထက်ကို ကျော်ပြီးတော့ နိုင်ငံရေးအင်အားစုကြီးတရပ်အနေနဲ့ အမြဲတမ်းမြင်တယ်၊ အမြဲတမ်းပဲ လေးစားတန်ဖိုးထားရတဲ့ နိုင်ငံရေးအင်အားစုကြီးတရပ် ဖြစ်တယ်ဆိုတာကိုလည်း ၃၆ နှစ်ပြည့်မှာ ပြောချင်ပါတယ်။

ပြီးတော့ ဒီလူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ စတင်ဖွဲ့စည်းတဲ့ အချိန်ကတည်းက တကယ့်ကို ခက်ခဲတဲ့၊ ကြမ်းတမ်းတဲ့ အချိန်ကာလတွေမှာ ဖွဲ့စည်းခဲ့တာဖြစ်တယ်။ စတင်ဖွဲ့စည်းခဲ့တဲ့ အချိန်ကစလို့ ဒီနေ့အချိန်ထိ တကယ့်ကို ခိုင်မာရှင်းလင်းတဲ့ မျှော်မှန်းချက်တွေရှိတယ်။ လုပ်ဆောင်ချက်တွေ၊ မူဝါဒတွေ ရှိတယ်။ တကယ့်ကို ရှင်းလင်းခိုင်မာတဲ့ မူဝါဒတွေရှိတယ်။ ပြီးတော့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ မျှော်မှန်းချက်တွေ၊ မူဝါဒတွေ၊ လုပ်ဆောင်ချက်တွေ ဆိုတာကလည်း တိုင်းရင်းသားပြည်သူ တရပ်လုံးက လိုလားနေတဲ့၊ မျှော်မှန်းတဲ့ မျှော်မှန်းချက်တွေနဲ့ တထပ်တည်းဖြစ်တာ တွေ့ရတယ်။ ၃၆




နှစ်လုံး ပြန်ကြည့်မယ်ဆိုရင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဆိုပြီးတော့ စာပေတွေထဲမှာ ရှာဖတ်တာဖြစ်ဖြစ်၊ အခု အင်တာနက်ခေတ်တွေမှာဆိုရင် အင်တာနက်မှာ ဂူးဂဲလ်တွေမှာ ရှာပြီးတော့ လေ့လာကြည့်တဲ့အခါမှာ တကယ်ကို သမိုင်းအစဉ်အလာကောင်းတဲ့ ပါတီတခုဖြစ်တယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ပါတီရဲ့ အကျိုးစီးပွားအတွက် ဘယ်လိုသော အခွင့်အရေးတွေ ရှိနေပါစေ၊ ပြည်သူတွေရဲ့ လိုလားချက်၊ ဆန္ဒတွေနဲ့ မကိုက်ညီဘူးဆိုရင်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ ကိုယ့်ရဲ့ ချမှတ်ထားတဲ့ မျှော်မှန်းချက်၊ ရည်ရွယ်ချက်တွေနဲ့ မူဝါဒတွေအပေါ်မှာပဲ အခိုင်အမာ ရပ်တည်ပြီးတော့ ဆောင်ရွက်တာတွေ့ရတယ်။ အဲ့ဒီအတွက် တကယ်ကို လေးစားအားကျရတဲ့ နိုင်ငံရေးအင်အားစုကြီးဖြစ်တယ်လို့ ကျမအနေနဲ့ ထပ်ပြောချင်တယ်။

နောက်တခုက အခု ၃၆ နှစ်ဆိုတော့ ဟိုအရင် generation အရင်မျိုးဆက်ကတည်းက ပေါ်ထွက်လာတဲ့၊ ဖွဲ့စည်းလာတဲ့ပါတီဖြစ်တယ်လို့ ပြောလို့ရတယ်။ သက်တမ်းရင့်ပြီးတော့ အရင်မျိုးဆက်တွေက စုဖွဲ့ထားတဲ့ နိုင်ငံရေးအင်အားစုကြီးဖြစ်တယ်၊ နိုင်ငံရေးပါတီဖြစ်တယ် ဆိုပေမယ့်လည်း လူငယ်တွေ၊ အမျိုးသမီးတွေကို လေ့ကျင့်သင်ကြားပေးတဲ့ နေရာမှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက တအားကို ရှေ့ရောက်တယ်လို့ ပြောချင်တယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှာ လူငယ်တွေ၊ အမျိုးသမီးတွေကို လေ့ကျင့်သင်ကြားပေးရုံတင် မကဘဲ ဦးဆောင်ဦးရွက်ပြုတဲ့ နေရာတွေမှာ၊ ဆုံးဖြတ်ချက်ချမှတ်တဲ့ နေရာတွေမှာလည်း အမျိုးသမီးနဲ့၊ လူငယ်တွေကို အခွင့်အရေးပေးတာ၊ ဆုံးဖြတ်ခွင့်ရှိတဲ့ နေရာတွေကို ပေးတာ ကျမတို့ တကယ်ကို လေးစားအသိအမှတ်ပြုရပါတယ်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ကျမတို့အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) အနေနဲ့ လက်တွဲလုပ်ဆောင်လာတာ တော်တော်ကြီးကို ကြာနေပြီ။ ကျမတို့အနေနဲ့ဆိုရင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဆီကနေ အမျိုးသမီးတွေ ဘာကြောင့်ပါဝင်ရလဲ၊ လူငယ်တွေ ဘာကြောင့်ပါဝင်ရလဲ ဆိုတာ ကျမတို့ကို မမေးဘူး။ Question မထုတ်ဘူး။ အမျိုးသမီးတွေပါဝင်မှုလို့ ပြောတဲ့အခါ၊ လူငယ်တွေရဲ့ ဦးဆောင်ဦးရွက်ပြုမှု၊ လူငယ်တွေရဲ့ ပါဝင်မှုလို့ ပြောတဲ့အခါမှာ အများကြီးကို မေးခွန်းထုတ်ခံရတာတွေ ရှိတယ်။ အမျိုးသမီးတွေ ဘယ်လိုပုံစံနဲ့ ပါဝင်မလဲ၊ လူငယ်တွေ ဘယ်လိုပုံစံနဲ့ ပါဝင်မလဲ ဆိုတာပေါ့။ လုပ်နိုင်ပါ့မလား ပုံစံနဲ့ မေးခွန်းပေါင်းများစွာနဲ့ မေးလေ့ရှိကြတယ်။ ဒါပေမဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်

ပါတီက အမျိုးသမီးတွေရဲ့ လုပ်ဆောင်နိုင်စွမ်းတွေကို မြှင့်တင်ပေးတယ်၊ အသိအမှတ်ပြုတယ်၊ ပံ့ပိုးတယ်။ လူငယ်တွေရဲ့ လုပ်ဆောင်နိုင်စွမ်း အရည်အသွေးတွေကို အသိအမှတ်ပြုပြီးတော့ တကယ့်ကို အခွင့်အရေးပေးတာကလည်း ကျမတို့ တကယ့်ကို လေးစားအားကျ အမြဲတမ်း အသိအမှတ်ပြုရတဲ့ လုပ်ရပ်တခုလည်း ဖြစ်တယ်။ အခုဆိုရင် နှစ်ပေါင်း ၃၆ နှစ်မှာတင်မကဘဲ ၂၀၂၁ အာဏာသိမ်းပြီးတော့ နွေဦးတော်လှန်ရေး လို့ခေါ်တဲ့ ဒီတော်လှန်ရေးမှာလည်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ တော်လှန်ရေးကို ပုံစံမျိုးစုံနဲ့ လုပ်ဆောင်နေတာ ကျမတို့ တွေ့ရတယ်။

၃၆ နှစ်မြောက် Documentry ဗီဒီယိုမှတ်တမ်းထဲမှာလည်း ဖော်ပြသလိုမျိုး တခြားသော တိုင်းရင်းသားအင်အားစုတွေနဲ့ရော၊ လူငယ်တွေ၊ အမျိုးသမီးတွေနဲ့ပါ အတူတကွ ပူးပေါင်းလုပ်ဆောင်နေတာလည်း ကျမတို့ တွေ့ရတယ်။ အခုဆိုရင်လည်း DPNS အနေနဲ့ ၂၀၂၁ နောက်ပိုင်းမှာ ပေါ်ထွက်လာတဲ့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) လိုမျိုး၊ တဖက်မှာ NUCC ပြင်ပကနေ လုပ်ဆောင်နေတဲ့ အခြားသော Platform တွေ၊ SIF လိုမျိုးတွေမှာ ဖြစ်ဖြစ်၊ ဒီနောက်ပိုင်းတွေမှာ Multi activist state တွေရဲ့ initiative တွေမှာရောပဲ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ ပုံစံမျိုးစုံနဲ့ ပါဝင်နေတာကို တွေ့ရတယ်။

အထူးသဖြင့်ကတော့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ဖို့၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ရရှိဖို့၊ အဖိနှိပ်ခံလူတန်းစားတွေ လွတ်မြောက်ဖို့၊ တိုင်းရင်းသားပြည်သူတွေရဲ့ အခွင့်အရေးတွေ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ အပြည့်အဝရဖို့ ဆိုတဲ့နေရာမှာ တခုတည်း၊ တပုံစံတည်း လုပ်လို့မရဘူးဆိုတာ ကျမတို့ ယုံကြည်သလိုမျိုး လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကလည်း ကျမတို့လို ယုံကြည်တယ်လို့ မြင်တယ်။ ၃၆ နှစ် ရှိပြီ။ ကျမတို့ရဲ့မျှော်မှန်းချက်တွေက ဒီနေ့ ဒီအချိန်ထိကို လုံးလုံးကြီး မရသေးတဲ့ အနေအထား ဖြစ်တယ်။ အထူးသဖြင့် ပါတီရဲ့ ရည်မှန်းချက်ပဲပြောပြော၊ ပြည်သူလူထုတရပ်လုံး လိုလားတဲ့ ပြည်သူတွေရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၊ တကယ့်ကို ငြိမ်းချမ်းပြီးတော့ တရားမျှတမှုကိုအာမခံတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းဖို့ကို အနှောင့်အယှက်ဖြစ်နေတာက ခုနက ဗီဒီယိုမှာလည်း ပါသလို စစ်သုံးစစ်ပေ့ါ။ ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) အနေနဲ့ဆိုရင်လည်း လွန်ခဲ့တဲ့ ကာလတွေမှာ DPNS နဲ့ လက်တွဲလုပ်ဆောင်ခဲ့တဲ့ အတွေ့အကြုံတွေ အများကြီးရှိသလိုမျိုး၊ လက်တွဲလုပ်ဆောင်ခဲ့တဲ့ အခွင့်အလမ်းတွေလည်း အများကြီးရှိသလိုမျိုး၊ ရှေ့ဆက်ပြီးတော့ ကျမတို့ရဲ့ မျှော်မှန်းချက်တွေကို အဟန့်အတားဖြစ်နေတဲ့ စစ်အာဏာရှင်အပြင် ဖိနှိပ်တဲ့ပုံစံဖြစ်တဲ့ တခြားသော ပါတီတွေ၊ ဝါဒတွေကို ကျမတို့ DPNS နဲ့ ထပ်ပြီး အတူလက်တွဲ လုပ်ဆောင်လိုတယ်ဆိုတာ ၃၆ နှစ်ပြည့် အခမ်းအနားမှာ ပြောရင်းနဲ့ ကျမရဲ့ အမှတ်တရစကားကို ဒီမှာပဲ အဆုံးသတ်ခွင့်ပြုပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

■




# ဖိအားလား၊ ဝန်းရံမှုလား၊ ဘာဖြစ်ဖြစ် အရေးမကြီးပါဘူး

လွန်းနွေငြိမ်း

အာဆီယံနိုင်ငံတွေနဲ့ တရုတ်၊ ထိုင်း၊ အိန္ဒိယ စတဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ အလှုပ်အရှားတွေ ၂၀၂၄ နှစ်ကုန်ပိုင်းမှာ ပိုပြီး ခပ်စိပ်စိပ်ဖြစ်လာတာ တွေ့ရပါတယ်။ အချို့က ဖိအား၊ အချို့က ဝန်းရံမှု ဖြစ်ပါတယ်။ ဖိအားဆိုတာမှာလည်း ဘက် ၂ ဘက်လုံးကို ပေးတာလား၊ တဘက်ကို ဖိပြီး တဘက်ကို ဖော့ပေးတဲ့ ဖိအားမျိုး ဖြစ်နေသလား ဆိုတဲ့မေးခွန်းတွေ ရှိနိုင်ပါတယ်။

## အာဆီယံရဲ့ အားထုတ်ဆောင်ရွက်မှုများ

အာဆီယံနိုင်ငံတွေ ၂၀၂၁ ဧပြီလမှာကတည်းက သဘောတူညီချက် ၅ချက် (5 Points Consensus) ချခဲ့ကြတယ်။ စစ်ကောင်စီက လက်မှတ်ထိုးပြီး အပြန်ကတည်းက ကိုယ့်တိုင်းပြည် အခြေအနေနဲ့ သင့်လျော်တာကိုပဲလုပ်နိုင်မယ်လို့ မခန့်လေးစား စပြောတယ်။ လက်တွေ့လည်း ဘာတခုမှ ထိထိရောက်ရောက် မလုပ်ခဲ့ဘူး။ ပူးပေါင်းဆောင်ရွက်တာမျိုး လုံးလုံး မရှိခဲ့ဘူး။

ဒါကြောင့်ပဲ ရွာပြင်ထုတ်ရေးပေါ်လစီ ကျင့်သုံးဖို့ ဆုံးဖြတ်လိုက်ရတဲ့အဆင့် ဖြစ်လာတယ်။ နိုင်ငံခေါင်းဆောင်ချင်းတွေ့တဲ့ အစည်းအဝေးတွေမှာ စစ်ကောင်စီကို တက်ခွင့် လုံးလုံးပိတ်လိုက်ပြီး နိုင်ငံရေးတာဝန်မရှိတဲ့ အောက်အဆင့် အရာရှိငယ်တွေကိုသာ တက်စေခဲ့တဲ့နည်းနဲ့ စစ်ကောင်စီကို အဆင့်နှိမ့် ဆက်ဆံခဲ့ကြတယ်။

အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်နေမှုတွေ လျှော့ချရေး၊ လူသားချင်းစာနာအကူအညီ လိုအပ်နေတဲ့ လူထုထံ တိတိကျကျ ရောက်ရှိရေးနဲ့ သက်ဆိုင်တဲ့ အင်အားစုအသီးသီး ပါဝင်ပြီးဖြစ်နေတဲ့ ပြဿနာတွေ အပေါ် တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတဲ့ ၃ ချက်ကို ဆောင်ရွက်နိုင်ဖို့ အာဆီယံဥက္ကဋ္ဌ အဆက်ဆက် ကြိုးပမ်းခဲ့ကြတယ်။ ဒါပေမဲ့ ကနေ့အထိတော့ ကျောက်ခဲဆီညှစ် ဖြစ်နေဆဲပဲ။ လက်ရှိ ဥက္ကဋ္ဌ၊ ပြီးခဲ့တဲ့ ဥက္ကဋ္ဌ၊ နောက်နှစ်မှာဖြစ်မယ့် ဥက္ကဋ္ဌ ၃ ယောက်ပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုတဲ့ Troika Plus အစီအစဉ်တွေ ချမှတ်ကြတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၉ ရက်နေ့က လာအိုနိုင်ငံ၊ ဗီယင်ရှင်းမြို့မှာ ပြုလုပ်တဲ့ အာဆီယံ ထိပ်သီးအစည်းအဝေးကလည်း Myanmar-owned-Myanmar-Led အစီအစဉ်တွေ ပေါ်ထွန်းလာရေး ဆက်ကြိုးပမ်းကြဖို့ ဆုံးဖြတ်ခဲ့ကြတယ်။

ဒါပေမဲ့ အာဆီယံကိုယ်တိုင်ရဲ့ အတွင်းသဘောတွေအရရော၊ မတူညီတဲ့ အယူအဆတွေကြောင့် ရော၊ ဘက်အသီးသီးကို အသိအမှတ်ပြုမှုရှိရှိ ချဉ်းကပ်တွေ့ဆုံရေးအပေါ် အပြည့် မဆောင်ရွက်နိုင်တာအရ ရော ရှေ့မတိုးဘဲ ချာလည်ချာလည် ဖြစ်နေတာ ၄ နှစ် ပြည့်တော့မယ်။ နိုင်ငံတကာကလည်း အာဆီယံကို ဗဟိုပြုပုံချ၊ အာဆီယံကလည်း ရွှေ့နိုင်၊ ရွှေ့နိုင်စွမ်း ပါးလျားတော့ သစ်သားမြင်းရုပ် တက်စီးရသလိုပဲ လှုပ်တော့ လှုပ်နေပြီး ရှေ့ကို တလက်မတောင် မရောက်ဘူးဖြစ်နေတာပါ။

## တရုတ်နိုင်ငံ တာဝန်ရှိသူတွေရဲ့ ဖိအားပေးမှု၊ အကြံပြုတိုက်တွန်းမှုများ

တရုတ်နိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးမှုကြောင့် MNDAA က ဒီဇင်ဘာ ၃ ရက်နေ့မှာ နယ်စပ်တည်ငြိမ် ရေးနှင့် ပဋိပက္ခတွေကို နိုင်ငံရေးနည်းအရဖြေရှင်းဖို့ စစ်ကောင်စီနဲ့ တွေ့ဆုံဆွေးနွေးမယ်လို့ ကြေညာခဲ့ ပါတယ်။ ဒီဇင်ဘာ ၁၅ နဲ့ ၁၆ ရက်နေ့တွေမှာ ကူမင်းမြို့မှာဆွေးနွေးကြတယ်လို့ သိရပါတယ်။ ဆွေးနွေး ချက်တွေကို အတိအကျ မသိကြရသေးပေမဲ့ စစ်ကောင်စီဘက်က လားရှိုးပြန်ပေးဖို့ တောင်းဆိုတယ်။ ဒါကို MNDAA က လက်မခံခဲ့ဘူးလို့ သိရပြီး တိကျရေရာတဲ့ရလဒ် ဘာတခုမှ မရခဲ့ဘူးလို့ အကြမ်းသဘော သိရှိရပါတယ်။

လက်ရှိအနေအထားမှာ MNDAA က နယ်စပ်ကုန်သွယ်ရေးမှာ အရေးပါတဲ့ လောက်ကိုင်၊ ချင်းရွှေဟော်၊ မူဆယ် ၁၀၅ မိုင်နဲ့ လားရှိုး အပါအဝင် မြို့ပေါင်း ၈ မြို့ကို ထိန်းချုပ်ထားတာ ဖြစ်ပါတယ်။ စစ်ကောင်စီကလည်း လားရှိုးမှာ လူထုကို ပစ်မှတ်ထားပြီး ဗုံးကျဲတိုက်ခိုက် သတ်ဖြတ်နေဆဲ ဖြစ်ပါတယ်။ KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လ ဦးဆောင်တဲ့အဖွဲ့နဲ့ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် (CPPCC) ရဲ့ ဗဟိုအဖွဲ့ဝင် ဝူကန် ဦးဆောင်တဲ့အဖွဲ့တို့ တရုတ်နိုင်ငံ၊ ကူမင်းမြို့မှာ ဒီဇင်ဘာ ၁၂ ရက်နေ့က တွေ့ဆုံ ဆွေးနွေးကြတယ် ဆိုပါတယ်။ တရုတ်ဘက်က နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဂိတ်တွေ ပြန်ဖွင့်ရေး၊ ကချင်ဒေသမှာ အပစ်ရပ်ပြီး စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေးရေး စတဲ့ အချက်တွေကို အဓိကအားဖြင့် တိုက်တွန်းပြောဆိုခဲ့တယ်လို့ သိရပါတယ်။

လက်ရှိမှာ KIO က ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်အစပ်က မြို့ ၁၃ မြို့နဲ့ စစ်ကောင်စီရဲ့ စစ်စခန်းကြီးငယ် ၃၀၀ နီးပါးကို သိမ်းထားပြီး ကချင်ပြည်နယ်တခုလုံးရဲ့ ၇၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားတာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲအပြီးမှာ KIO ဘက်က ထိုးစစ်တွေကို ယခင်အတိုင်း ဆက်တိုက်ခဲ့ပါတယ်။ လုံးဝ ရပ်မပစ်ပါဘူး။

PSLF/TNLA ကလည်း နိုဝင်ဘာလ ၂၅ ရက်နေ့မှာ ၂ ဘက် စစ်ရေးပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း သဘောထားတရပ် ထုတ်ပြန်ကြေညာပါတယ်။ အခုလို သဘောထား ထုတ်ပြန်ရတာဟာ စစ်ဒဏ်အပြင်းအထန်ခံနေကြရတဲ့ လူထုကို ညှာတာ ထောက်ထား တာရယ်၊ ကြားဝင်စေ့စပ် ညှိနှိုင်းပေးနေတဲ့ တရုတ်နိုင်ငံကို လေးစား အသိအမှတ်ပြုတာရယ်ကြောင့် ဖြစ်တယ်လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ကြေညာချက်မှာ တဆက်တည်း ဖော်ပြတားတာက တအာင်းလူမျိုးများ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရန်၊ တအာင်းပြည်နယ်ရရှိရန်နဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်အာမခံတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်အတွက် အခြားတိုင်းရင်းသားများနဲ့အတူ အမြဲတစေ ကြိုးပမ်းသွားမှာ ဖြစ်ကြောင်း အတိအလင်း ထည့်သွင်းပြောဆိုထားပါတယ်။

TNLA ခေါင်းဆောင်တွေကို ဒီဇင်ဘာလ ၈ ရက်နေ့မှာ တရုတ်တာဝန်ရှိသူတွေက တရုတ်ပြည်ကို ဖိတ်ခေါ်ပြီး တွေ့ဆုံခဲ့ကြတယ်လို့ သိရပါတယ်။ စစ်ရပ်စဲဖို့ နိုင်ငံရေးနည်းနဲ့ အဖြေရှာကြဖို့ တရုတ်ဘက်က ပြောဆိုလိမ့်မယ်လို့ ယူဆရပါတယ်။ TNLA ဘက်က အဆင်သင့်ဖြစ်ကြောင်း ထုတ်ပြန်ထားပေမယ့် ကနေ့အထိတော့ စစ်ကောင်စီက TNLA နဲ့ တွေ့ဆုံဆွေးနွေးတာ မကြားကြရသေးပါဘူး။ လက်ရှိမှာ TNLA ဟာ မဟာမိတ်အင်အားစုတွေနဲ့တွဲပြီး ရှမ်းပြည်နယ်မြောက်ပိုင်းက မြို့ပေါင်း ၁၁ မြို့နဲ့ မန္တလေးတိုင်းထဲက မိုးကုတ်မြို့ကို ထိန်းချုပ်ထားတာ ဖြစ်ပြီး အခုထိလည်း မဟာမိတ်တွေနဲ့တွဲပြီး သပိတ်ကျင်း၊ တွင်းငယ်၊ မတ္တရာနဲ့ နောင်ချိုဒေသတွေမှာ ဆက်လက်တိုက်ပွဲဝင်နေတာ ဖြစ်ပါတယ်။

AA ခေါင်းဆောင်တွေကို တရုတ်ပြည်၊ ထိန်ချုံးမြို့ကို ဖိတ်ကြားပြီး တရုတ်ခေါင်းဆောင်တွေက ဒီဇင်ဘာ ၁ ရက်နေ့မှာ တွေ့ဆုံပါတယ်။ စစ်ပွဲတွေရပ်ဖို့ တွေ့ဆုံဆွေးနွေးကြဖို့ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို အကာအကွယ်ပေးဖို့ ဆွေးနွေးကြလိမ့်မယ်လို့ မှန်းဆကြရပေမယ့် သတင်းထုတ်ပြန်တာတော့ မရှိသေးပါဘူး။ လက်ရှိမှာ AA ဟာ ရခိုင်ပြည်နယ်တခုလုံးနီးပါးကို ထိန်းချုပ်ထားပြီး ချင်းပြည်နယ် ပလက်ဝမြို့ကို စစ်ကောင်စီကင်းစင်မြို့အဖြစ် ထိန်းချုပ်ထားတာ ဖြစ်ပါတယ်။ အမ်းနဲ့ ဂွကို အပြီး သိမ်းပိုက်ထိန်းချုပ်နိုင်ရေး အပြင်းအထန် ထိုးစစ်ဆင်နေပြီး ဒီဇင်ဘာ ၁၈ မှာ အမ်းမြို့ရှိ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုပါ သိမ်းပိုက်လိုက်ပြီ ဖြစ်ပါတယ်။ AA စစ်ဦးစီးချုပ်က တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုကို မထိခိုက်အောင် အကာအကွယ်ပေးသွားမှာ ဖြစ်ပေမဲ့ ဘယ်သူတားတား ရည်မှန်းချက်တွေအတိုင်း အရှိန်အဟုန်မပျက် ဆက်တိုက်သွားမှာ ဖြစ်ကြောင်း အင်တာဗျူးကနေ လူထုကို အသိပေးပါတယ်။

UWSA ကိုယ်တိုင်က ၁၀၂၇ စစ်ဆင်ရေးမှာ ပါဝင်တာမျိုးမလုပ်ဘဲ ကြားနေမယ်လို့ ကြေညာခဲ့တာ ရှိပါတယ်။ လက်တွေ့မှာ ကြားနေတာမျိုး တကယ်မဟုတ်ဘဲ တနည်းနည်းနဲ့ တော်လှန်ရေးအင်အားစုတွေကို အကူအညီပေးခဲ့မှာ ဖြစ်ပါတယ်၊ ဒါအတွက်လည်း UWSA ကို MNDAA တို့ကို အကူအညီမပေးဖို့ တရုတ်နိုင်ငံက ဖိအားပေး တောင်းဆိုခဲ့တာဖြစ်ပါတယ်။ ဒီဇင်ဘာ ၃ ရက်နေ့မှာ UWSA

ခေါင်းဆောင်တွေကို တရုတ်တာဝန်ရှိသူတွေက တရုတ်ပြည်ကို ဖိတ်ပြီး တွေ့ဆုံခဲ့ကြတယ်လို့ သိရပါတယ်။

## ထိုင်းနိုင်ငံရဲ့ စီစဉ်ဆောင်ရွက်နေမှုများ

ထိုင်းနိုင်ငံက ကမကထပြုပြီး ဒီဇင်ဘာ ၁၉ နဲ့ ၂၀ ရက်နေ့တွေမှာ မြန်မာ့အရေးဆိုင်ရာ ဆွေးနွေးပွဲ ၂ ခု လုပ်ဖို့ ပြင်ဆင်နေတာရှိပါတယ်။ ၁၉ ရက်နေ့ တွေ့ဆုံပွဲမှာ စစ်ကောင်စီရဲ့ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေကို ဖိတ်ကြားပြီး တက်ရောက်စေမှာဖြစ်တယ်လို့ ဆိုပါတယ်။ ၂၀ ရက်နေ့မှာတော့ မြန်မာ့အရေးကို စိတ်ဝင်စားတဲ့ နိုင်ငံတွေပါ ပါဝင်တက်ရောက်ကြမယ် သိရပါတယ်။ မြန်မာ့အရေးကို ဘယ်လို ချဉ်းကပ်ဖြေရှင်းကြမလဲ ရှာဖွေကြည့်ကြတဲ့သဘော ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၈၊ ၁၉ ရက်တွေတုန်းကလည်း ထိုင်းတော်ဝင်စစ်တပ် တာဝန်ရှိသူတွေနဲ့ UWSA တာဝန်ရှိသူတွေ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ တွေ့ဆုံခဲ့ပါတယ်။ ၂ နိုင်ငံနယ်စပ်မှာရှိနေတဲ့ UWSA ရဲ့ တပ်စခန်း ၉ ခုကိစ္စ ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၈ နောက်ဆုံးထားပြီး ပြန်ဆုတ်ပေးရန် ထိုင်းနိုင်ငံဘက်က တောင်းဆိုခဲ့ပေမယ့် ဒီစခန်းတွေဟာ UWSA ရဲ့ စစ်ရေးမဟာဗျူဟာ အတွက် အချက်အချာကျတဲ့ စခန်းတွေ ဖြစ်တာရယ်၊ ထိုင်းပိုင်နက်လို့ UWSA ဘက်က မယူဆတာရယ် ကြောင့် ပြန်ဆုတ်ပေးရေးကို လက်မခံခဲ့ပါဘူး။ အစိုးရချင်း ဆက်စကားပြောကြဖို့ စစ်ကောင်စီကို အကြောင်းကြားမယ်လို့သာ ပြောဆိုခဲ့တယ်လို့ သိရပါတယ်။

## အိန္ဒိယနိုင်ငံရဲ့ ဆောင်ရွက်မှု

အိန္ဒိယနိုင်ငံကတော့ မြန်မာ့အရေးမှာ ဘာမှ ဝင်မပါသလောက် ဖြစ်ပါတယ်။ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီးပြီးစက ဒီမိုကရေစီအင်အားစုတွေဘက်က တစုံတရာ တက်တက်ကြွကြွ ပါဝင်ကူညီခဲ့ပေမယ့် အခု ၂၀၂၁ နွေဦးတော်လှန်ရေးမှာတော့ ဆိတ်ဆိတ်နေသလို ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဧပြီလ ၂၆ ရက်မှာတော့ Track 1.5 တွေ့ဆုံပွဲကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှာ အိန္ဒိယက ကမကထပြု ကျင်းပခဲ့ပါတယ်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အာဆီယံနိုင်ငံတွေအပါအဝင် မြန်မာ့အရေး စိတ်ဝင်စားတဲ့ နိုင်ငံတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ ပညာရှင်တွေကို ဖိတ်ကြားပြီး တက်ရောက်စေခဲ့တာဖြစ်ပါတယ်။ မြန်မာ့အရေးကို ဘယ်လို ဝိုင်းဖြေရှင်းပေးကြမလဲ။ ဘယ်လို ချဉ်းကပ်ကြမလဲ စဉ်းစားကြတယ် ဆိုပါတယ်။ စစ်ကောင်စီကိုလည်း မဖိတ်သေးသလို NUG အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုတွေကိုလည်း မဖိတ်သေးဘူးလို့ သိရပါတယ်။ ဒါဟာ ထိုင်းနိုင်ငံက ကမကထပြုပြီး စီစဉ်ခဲ့တဲ့ Track 1.5 ရဲ့ အဆက်ဖြစ်ပြီး နောက်တကြိမ် လာအိုမှာ လုပ်ကြမယ်လို့ ဆိုခဲ့ကြပါတယ်။ လေ့လာကြည့်မိသလောက်တော့ လာအိုမှာ ဆက်လုပ်တာ မတွေ့မိတော့သလို ဆက်ပြီး ဘယ်မှာမှလည်း လုပ်တာ မတွေ့မိတော့ပါဘူး။

ငြိမ်နေရာကနေ ဒီနှစ် အောက်တိုဘာလ ၃၁ ရက်နေ့မှာ မြန်မာနိုင်ငံက နိုင်ငံရေးပါတီအချို့နဲ့ စစ်ကောင်စီ တာဝန်ရှိသူတွေကို အိန္ဒိယကို ဖိတ်ကြားပါတယ်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲတခုကို တက်ရောက်လေ့လာစေတာ ဖြစ်ပါတယ်။ အောက်တိုဘာ ၁၅ ရက်နေ့ NCA ၉ နှစ်မြောက်ပွဲမှာ စစ်ကောင်စီဥက္ကဋ္ဌ မအလက ဖွဲ့စည်းပုံအခြေခံဥပဒေထဲက အချို့ကိုပြင်မယ်။ ရွေးကောက်ပွဲ လုပ်မယ်။ ဖက်ဒရယ်နဲ့ ဒီမိုကရေစီကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်မယ် စတဲ့ အလိမ်အညာ

စကားတွေ အရှက်မရှိ ပြောပြီးခါစနဲ့ အချိန်ကိုက်ဖြစ်နေတယ်။ ဖိတ်ကြားတဲ့ နိုင်ငံရေးပါတီတွေ ကြည့်တော့လည်း စစ်ကောင်စီ Lobby တွေ ဖြစ်နေတာ တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ရပ်တည်ချက်က ဘာလဲဆိုတာ အတော်ကြီး ရှင်းပါတယ်။ အဲဒီနောက်ပိုင်းကနေ ခုထိ ဘာသံမှ ထပ်မထွက်တော့ဘဲ ပြန်ပြီး ငြိမ်သက်တိတ်ဆိတ်သွားပါတယ်။ သူကလည်း အံ့တော့ အံ့သြစရာပါ။

ချုပ်ကြည့်လိုက်ရင် မြန်မာ့အရေးကို ဝန်းရံကူညီကြ၊ ဝိုင်းကြဝန်းကြ၊ ချဉ်းကပ်ကြ၊ ဖိအားပေးကြဆိုတာတွေ တွေ့ရတယ်။ ဝေးဝေးကရော၊ နီးနီးကရော တွေ့ရတယ်။ စိုက်လိုက်မတ်တတ်လုပ်တာတွေ့ရသလို တရေးနိုးမှ တခါ ထလုပ်တာမျိုးလည်း တွေ့ရတယ်။ ဘာတွေပဲလုပ်လုပ်၊ ဘယ်လိုပဲလုပ်လုပ် ကျနော်တို့နိုင်ငံ အကျိုးစီးပွားအတွက် လုံးလုံး မပါဘူးမဟုတ်ပေမယ့် သူတို့နိုင်ငံအကျိုးစီးပွား အထိုင်ပေါ်ကနေ စဉ်းစားကြတာ ရာနှုန်းပိုများကြတာ တွေ့ရတယ်။ အကျိုးစီးပွားဆိုတဲ့ နေရာမှာ ရင်းနှီးမြှုပ်နှံမှု၊ အကျိုးအမြတ်၊ ငွေကြေး ဆိုတာချည်း ပြောတာမဟုတ်ပါဘူး။ ဂုဏ်သိက္ခာဆိုင်ရာ အကျိုးစီးပွားကိုပါ ဆိုလိုတာ ဖြစ်ပါတယ်။

အဲဒီလိုမိုလို့ ဘယ်နိုင်ငံကိုမှ အပြစ်မတင်ပါဘူး။ သဘာဝပေပဲလို့ သဘောထားပါတယ်။ နေနိုင်ရက်သူရယ်လို့လည်း မအောင်းမေ့ပါဘူး။ ကျနော်တို့နိုင်ငံ လွတ်မြောက်ရေးက အခြားနိုင်ငံတွေ အကျိုးစီးပွားနဲ့က တိုက်ရိုက်ကြီး ရာနှုန်းပြည့်မှ အချိုးမကျတာ။ ကျနော်တို့နိုင်ငံ လွတ်မြောက်ရေးက ကျနော်တို့ နိုင်ငံသားတွေ၊ အဖိနှိပ်ခံ လူမျိုးစုံပြည်သူတွေနဲ့သာ ရာနှုန်းပြည့် အချိုးကျနေတာဖြစ်ပါတယ်။

ဒါကြောင့် ကူညီတဲ့သူ ဘယ်သူကိုမဆို ကျေးဇူးတင်ပါတယ်။ မကူညီဘူးဆိုလည်း ကိစ္စမရှိပါဘူး။ ၂ ဘက်လုံးကို ဖိအားပေးပြီး မြန်မာပြည်သူတွေအကျိုးကို မျက်နှာမူ ဆောင်ရွက်တယ်ဆိုရင်လည်း ကျေးဇူးတင်ပါတယ်။ တဘက်သတ်ကြီး ဖြစ်နေတယ်ဆိုရင်လည်း ဆောင်ရွက်သူရဲ့ တန်ဖိုးပဲ ဖြစ်တယ်ယူဆပါတယ်။

ကျနော့်အမြင်ကတော့ ဖိအားပဲဖြစ်ဖြစ်၊ ဝန်းရံအကူအညီပေးမှုပဲဖြစ်ဖြစ် နိုင်ငံတကာရဲ့ အလှူပ်အရှားဆိုတာတွေဟာ အဆုံးအဖြတ်တိုက်ပွဲကြီးအတွက် အဓိကမောင်းနှင်အား လုံးလုံးမဟုတ်ပါဘူး၊ အရံမျှသာဖြစ်ပါတယ်။ နွေဦးတော်လှန်ရေးကြီးကို အဆုံးအဖြတ်ပေးမယ့် အဓိကအင်အားက လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး ကိုယ်တိုင်ဖြစ်ပါတယ်။

**လွန်းနွေငြိမ်း**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်။

# နိုင်ငံတကာနဲ့ အကြမ်းဖက်စစ်အုပ်စုရဲ့ အတုအယောင်ရွေးကောက်ပွဲ

ကြယ်စင်မြစ်




ကျမက ဒီနေရာမှာ စစ်ကောင်စီဆိုတဲ့ အသုံးအနှုန်းထက် အကြမ်းဖက်စစ်အုပ်စုလို့ ပိုပြီး သုံးချင်တယ်။ ပထမဆုံးတချက်အနေနဲ့ ဒီအကြမ်းဖက်စစ်အုပ်စုဟာ ဘယ်လိုနည်းနဲ့မှ တရားဝင်မှု မရှိဘူးဆိုတာကို ပြောချင်တယ်။ ဒုတိယတချက် အနေနဲ့ကတော့ တရားဝင်အစိုးရတွေ၊ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားတဲ့ အဖွဲ့အစည်းတွေကသာ ဆောင်ရွက်ခွင့်ရှိတဲ့ ရွေးကောက်ပွဲကိစ္စကို ဒီအကြမ်းဖက်စစ်အုပ်စုက လုံးဝ ဆောင်ရွက်ခွင့်မရှိဘူးလို့ ပြောချင်တယ်။ တတိယတချက်ကတော့ နိုင်ငံတဝှမ်းလုံးမှာ နေ့စဉ်နဲ့အမျှ အကြမ်းဖက်သတ်ဖြတ်၊ လူ့အခွင့်အရေးတွေ၊ ဒီမိုကရေစီအခွင့်အရေးတွေကို ချိုးဖောက်ပြီး စစ်ရာဇဝတ်မှုတွေကို ထပ်ခါတလဲလဲ ကျူးလွန်နေတဲ့ အကြမ်းဖက်စစ်အုပ်စုက ကျင်းပပေးမယ်ဆိုတဲ့ ရွေးကောက်ပွဲဆိုတာက အတုအယောင်သာဖြစ်တယ် ဆိုတာပါပဲ။ အစစ်အမှန် ရွေးကောက်ပွဲ ဘယ်လိုနည်းနဲ့မှ မဟုတ်ဘူး။ လူထုရဲ့သဘောထားကိုလည်း အမှန်တကယ် ထင်ဟပ်နိုင်ခြင်းမရှိပါဘူး။

အတင်းအဓမ္မ နည်းမျိုးစုံ၊ အလိမ်အညာမျိုးစုံနဲ့ ဆောင်ရွက်တာပဲဖြစ်ဖြစ်၊ သူတို့ရဲ့ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး စစ်အုပ်စုနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ နိုင်ငံတချို့ရဲ့ အကူအညီနဲ့ပဲဖြစ်ဖြစ် အဲဒီ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ခဲ့မယ်ဆိုရင်လည်း သူ့ရဲ့ဘေးကြပ်နံကြပ် အခြေအနေတွေကနေ ထွက်ပေါက်ရဖို့အတွက် လုပ်တာပဲဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီရွေးကောက်ပွဲက နိုင်ငံရေးအရ တရားဝင်မှုမရှိဘူး ဆိုတာကို အကြမ်းဖက်စစ်အုပ်စု ရပ်တည်နိုင်ရေးအတွက် ကျားကန်ပေးနေကြတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေအနေနဲ့ အထူးပဲ သတိပြုသင့်လှတယ်။

တဖက်မှာလည်း ကျမတို့နိုင်ငံရဲ့ လက်ရှိအခြေအနေတွေက စစ်ခေါင်းဆောင်နဲ့ အပေါင်းအပါတွေ ထင်ထားသလို ဖြစ်မလာဘူးဆိုတာကို မြင်တွေ့နေရတယ်။ ဒီလောက်ပြင်းထန်တဲ့ ခုခံတုန့်ပြန်မှုတွေကို ကြုံရလိမ့်မယ်လို့ မျှော်လင့်မထားကြောင်းကို အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင် ဗိုလ်မင်းအောင်လှိုင်

ကိုယ်တိုင်ကလည်း သူ့မိန့်ခွန်းတခုထဲမှာ ဝန်ခံပြောဆိုခဲ့တယ်။ အခုဆိုရင် တော်လှန်ရေးတပ်ဖွဲ့တွေက နိုင်ငံတဝှမ်းမှာရှိတဲ့ မြို့နယ်ပေါင်း ရှစ်ဆယ်၊ ကိုးဆယ်လောက်နဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(ရမခ)ကို သိမ်းနိုင်ခဲ့ပြီ။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်(နပခ)ကို သိမ်းနိုင်လုဆဲဆဲ ဖြစ်နေပြီ။ ဒီစစ်တပ် နိုင်ငံ့အာဏာကို ရယူထားတဲ့ သက်တမ်းတလျှောက်မှာ ဒါမျိုး သူတို့ ဘယ်တုန်းကမှ မကြုံခဲ့ဖူးတာ သိပ်သေချာတယ်။ နောက်ပြီး ရွေးကောက်ပွဲအကြမ်းဖက်မှုဆိုတဲ့ ကိစ္စတွေက ကျမတို့နိုင်ငံမှာ ဟိုးအရင်တုန်းကလည်း ရှိခဲ့ဖူးတယ်။ စစ်တပ်က သူတို့လိုချင်တဲ့သူတွေ အာဏာမရနိုင်တဲ့အခြေအနေမျိုးတွေမှာ ရွေးကောက်ပွဲ အကြမ်းဖက်မှုတွေ၊ သွေးထွက်သံယိုမှုတွေ လုပ်ခဲ့တယ်၊ ကြုံခဲ့ရတယ်ဆိုတာ ကျမတို့နိုင်ငံရဲ့သမိုင်းမှာ ပြန်လှေ့လာကြည့်မယ်ဆိုရင် ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ စစ်အုပ်စုကို ရွေးကောက်ပွဲကိစ္စ အကူအညီပေးမယ်ဆိုပြီး တရုတ်နိုင်ငံကနေပြီးတော့ ပြောနေတာရှိတယ်။ အိန္ဒိယက ပြောနေတာရှိတယ်။ ရုရှားက ပြောနေတာတွေ ရှိတယ်။ အခုဆိုရင် အိန္ဒိယက မြန်မာ့နိုင်ငံရေးအင်အားစုတချို့ကို ဖိတ်ခေါ်ပြီး ဆွေးနွေးတာမျိုး အပါအဝင် ပုံစံနည်းနည်းပြောင်းလာတာတော့ ရှိတယ်။ တရုတ်ကတော့ ရွေးကောက်ပွဲကို ကူညီပေးမယ် ဆိုတာတွေ၊ စည်းသုံးစည်း စတဲ့ကိစ္စတွေ ပြောလာ လုပ်လာနေတာတွေ ရှိတယ်။ အစည်းအဝေးတွေ ဖိတ်တယ်။ ဗိုလ်မင်းအောင်လှိုင်နဲ့ စစ်အုပ်စုအပေါင်းအပါတွေရဲ့ ညံ့ဖျင်းမှုကြောင့် အဆက်အစပ်ပြတ်သွားသလိုရှိတဲ့ အာဆီယံနိုင်ငံတွေနဲ့ ပြန်ပြီးတော့ ဆက်စပ်ပေးတဲ့ကိစ္စတွေ ရှိတယ်။ စစ်အုပ်စုကို လူရာဝင်အောင်လုပ်ပေးတဲ့ကိစ္စတွေ တွေ့နေရတယ်။ တပြိုင်နက်တည်းမှာပဲ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအို အပါအဝင် အာဆီယံနိုင်ငံတွေကလည်း မြန်မာ့အရေးကို အရင်ကထက်ပိုပြီးတော့ စိတ်ပါဝင်စားလာ၊ ဆွေးနွေးပွဲတွေလုပ်လာတဲ့ အခြေအနေမျိုးတွေ တွေ့နေရတယ်။

သူ့ကို ထောက်ခံပေးနေတဲ့ အင်အားစုတွေ၊ ရပ်တည်ပေးနေတဲ့ နိုင်ငံတွေရှိနေပေမယ့်လည်း ဗိုလ်မင်းအောင်လှိုင်ကိုယ်တိုင်ကိုက နိုင်ငံရေးအရတရားဝင်မှုကို ချိန်ဆနေတာမြင်တွေ့နေရတယ်။ ဒီရွေးကောက်ပွဲကို လုပ်မယ်လုပ်မယ်လို့ အသံပစ်နေတာ စစ်အုပ်စုအာဏာသိမ်းခါစ အချိန်ကတည်းကဆိုတော့ တော်တော်ကြီးကို ကြာနေပြီ။ သူတို့သာ လုပ်ရဲရင် လုပ်လိုက်တာ ကြာပြီပေါ့။ လက်တွေ့မှာ ပြန်မှတ်ပုံမတင်လို့ဆိုပြီး ကျမတို့ပါတီ အပါအဝင် ပါတီလေးငါးဆယ်လောက်ကို တရားဝင်နိုင်ငံရေးပါတီအဖြစ်ကနေ ပယ်ဖျက်လိုက်တယ်။ အဲ့ဒီလိုမျိုး ဖျက်လိုက်တဲ့အထဲမှာ ပြီးခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ နိုင်ငံအနှံ့အပြား အနိုင်ရခဲ့တဲ့ NLD၊ SNLD တို့လို နိုင်ငံရေးပါတီကြီးတွေလည်း ပါဝင်နေတယ်။ မှတ်ပုံတင်ပေမယ့်လို့ မှတ်ပုံတင်ခွင့်မပြုတဲ့အထဲမှာ ANP လို ပါတီကြီးတွေ ပါဝင်နေတာ တွေ့ရတယ်။

သေချာတာကတော့ စစ်အုပ်စုက သူတို့ ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိဘူး။ တဖွတ်ထိုးလုပ်လိုက်ရင် ပိုပြီးတော့ ဆိုးဝါးလာတဲ့ အခြေအနေတွေ ဖြစ်လာမလားဆိုတဲ့ စိုးရိမ်ချက် သူတို့မှာ ရှိနေတယ်ဆိုတာ တွေ့ရတယ်။ သူတို့မလုပ်ရဲလို့သာ ဆရာမွေးတပည့်မွေးကိစ္စတွေ ဆောင်ရွက်နေတာလို့ သုံးသပ်လို့ရတယ်။ နောက်တခုကကျတော့ ရွေးကောက်ပွဲရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ မဲစာရင်းကိစ္စကလည်း သူတို့အတွက် စိန်ခေါ်ချက် ကြီးကြီးမားမားဖြစ်တယ်လို့ မြင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ စစ်တပ်က အာဏာသိမ်းတဲ့ အချိန်မှာ မဲစာရင်းမသမာမှုဆိုပြီး စစ်တပ်နဲ့မဆိုင်တဲ့ အကြောင်းပြချက်နဲ့ အာဏာသိမ်းယူခဲ့တာ ဖြစ်တယ်။ အဲ့လိုဆိုတော့ သူတို့က သူတို့အကြောင်းပြခဲ့တဲ့ ကိစ္စနဲ့ပဲ ပြန်ပြီးချည်မိသလို ဖြစ်နေတယ်။ အခုဆိုရင် လူငယ်လူရွယ်တွေနဲ့ လူလတ်ပိုင်းတွေ အများအပြားက စစ်မှုထမ်းဥပဒေကြောင့် ထွက်ပြေးတိမ်းရှောင်

ကြရတယ်။ တော်လှန်ရေးတပ်ဖွဲ့တွေ၊ တော်လှန်ရေးဒေသတွေမှာ ခိုလှုံကြတယ်။ တခြားနိုင်ငံကို ထွက်သွားကြတယ်။ မြို့ကြီးတွေအပါအဝင် တနိုင်ငံလုံးမှာ မတည်မငြိမ်ဖြစ်နေတဲ့ ဒီအချိန်ကာလမျိုးမှာ ရွေးကောက်ပွဲအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ မဲစာရင်းကို ဘယ်လိုကောက်ယူမလဲ။ ရွေးကောက်ပွဲကို ဘယ်လိုလုပ်မှာလဲ။

ထပ်ပြောရမယ်ဆိုရင်တော့ KNU၊ KIO အစရှိတဲ့ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းကြီးတွေကလည်း သူတို့ဒေသတွေမှာ အကြမ်းဖက်စစ်အုပ်စုကလုပ်မယ့် အတုအယောင်ရွေးကောက်ပွဲကို လုံးဝခွင့်ပြုမှာမဟုတ်ကြောင်း သဘောထား ထုတ်ပြန်ထားခဲ့တာတွေရှိတယ်။ ပြည်သူအများစုကလည်း ဒီရွေးကောက်ပွဲကို လက်မခံကြောင်း ကျမတို့ တွေ့ရတယ်။

အဲဒီတော့ ဒီအတုအယောင်ရွေးကောက်ပွဲဟာ အဖက်ဖက်မှာ ဘေးကြပ်နံကြပ်ဖြစ်နေတဲ့ စစ်အုပ်စုသက်ဆိုးရှည်ရေးအတွက် ထွက်ပေါက်သက်သက် သာလျှင်ဖြစ်ကြောင်း နိုင်ငံတကာကို သတင်းစကားပါးဖို့တော်တော်ကို အရေးကြီးပါတယ်။ တချို့နိုင်ငံကြီးတွေ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံကြီးတွေအနေနဲ့ ကျမတို့နိုင်ငံမှာ ငြိမ်းချမ်းရေးအစစ်အမှန်ကို ဦးတည်နိုင်တဲ့ အခြေအနေမျိုးမရှိသေးဘဲ တည်ငြိမ်အေးချမ်းစေချင်ဇောနဲ့ အတင်းအဓမ္မ ပုံဖော်ဖို့ ကြိုးစားကြမယ်ဆိုရင် ပိုဆိုးတဲ့ အခြေအနေမျိုးတွေပဲ ဖြစ်လာပါလိမ့်မယ်။ ကျမတို့နိုင်ငံလို လူထုလိုက်ပါမှုအားကောင်းတဲ့ နိုင်ငံမျိုးမှာ လူထုအသံကို သေချာ နားမထောင်ဘဲ လူထုကလက်မခံတဲ့ စစ်အုပ်စုကို၊ အာဏာရနေသူတွေကိုပဲ ပူးပေါင်းဆောင်ရွက်ခြင်းဟာ တကယ့်အခြေအနေကောင်းတွေကို ဦးတည်စေမှာ မဟုတ်ဘူးဆိုတဲ့ကိစ္စကိုလည်း သေသေချာချာ အသိပေးကြဖို့လိုတယ်။

လက်ရှိအခြေအနေကို ကြည့်လိုက်မယ်ဆိုရင် ကျမတို့နိုင်ငံရဲ့ ဘယ်နေရာမှာ အေးချမ်းနေလဲ၊ ဘယ်နေရာမှာမှ အေးချမ်းမနေဘူး။ ဘယ်နေရာမှာမှ တည်ငြိမ်မနေဘူး။ ရန်ကုန်မြို့၊ မန္တလေးမြို့လို မြို့ကြီးတွေ အပါအဝင် ဘယ်နေရာမှာမှ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုမရှိဘဲ ပြည်သူတွေဟာ နေ့စဉ်နဲ့အမျှ ကျိုးလန့်စာစား ဖြစ်နေကြရတယ်။ ရွေးကောက်ပွဲကို တနိုင်ငံလုံးအနှံ့မှာကျင်းပမယ်လို့ အသံကောင်းဟစ်ခဲ့ရာကနေ မြို့နယ်ပေါင်း ၁၆၁ ခုမှာပဲ လုပ်နိုင်တော့မယ်လို့ အကြမ်းဖက်စစ်အုပ်စုကိုယ်၌က ထုတ်ပြောနေရပြီ။

ဒီလို အခြေအနေမျိုးမှာ စစ်အုပ်စုသက်ဆိုးရှည်ရေးကိစ္စတွေကိုသာ နိုင်ငံတကာက အတင်းအဓမ္မဆောင်ရွက်ခဲ့မယ်ဆိုရင် ငြိမ်းချမ်းရေးအစစ်အမှန်ကို ဦးတည်နိုင်တဲ့အခြေအနေ ဖြစ်လာမှာမဟုတ်ဘူး။ ပိုပြီးတော့ဆိုးဝါးတဲ့ အခြေအနေတွေဆီပဲ ဦးတည်စေမှာဖြစ်ကြောင်းကို သေသေချာချာ သဘောပေါက်ကြဖို့ပါပဲ။ ကျမတို့နိုင်ငံရဲ့ ပြည်တွင်းရေးကို အမှန်တကယ်တည်ငြိမ်ဖို့ လိုလားတယ်၊ ဒေသတွင်း အေးချမ်းလုံခြုံမှုကို အမှန်တကယ်ဖြစ်စေချင်တယ်ဆိုရင်တော့ အကြမ်းဖက်စစ်အုပ်စု နိုင်ငံရေးမှာ ပါဝင်ပတ်သက်နေမှုကို အပြီးသတ်နိုင်တဲ့ အခင်းအကျင်းမျိုးတွေကိုပဲ သူတို့ဦးတည်သင့်တယ်။ ဒီစစ်တပ်က သူ့တာဝန်ဖြစ်တဲ့ နိုင်ငံကာကွယ်ရေးကိစ္စကိုပဲ ဆောင်ရွက်ဖို့ ဝိုင်းဝန်းတိုက်တွန်းသင့်၊ တွန်းအားပေးသင့်တယ်။ ဒါမှသာလျှင် ကျမတို့နိုင်ငံမှာ တည်ငြိမ်မှု၊ အေးချမ်းမှုတွေ ဖြစ်လာနိုင်မယ်။ ဒေသတွင်း အေးချမ်းလုံခြုံမှုတွေ၊ ရေရှည်တည်တံ့ပြီး စစ်မှန်တဲ့ငြိမ်းချမ်းရေး အခြေအနေ အခင်းအကျင်းမျိုးတွေ ဖြစ်လာနိုင်ပါလိမ့်မယ်။

ကြယ်စင်မြစ်

# ပါတီ ၃၆ နှစ်ပြည့် မွေးနေ့အခမ်းအနားတွင် ပါတီကိုယ်စား ပြောကြားသည့် ကျေးဇူးတင်စကား

အားလုံးပဲမင်္ဂလာပါ။

ကျမကတော့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ တွဲဖက် အထွေထွေအတွင်းရေးမှူး နှင်းနှင်းမွှေး ဖြစ်ပါတယ်။ ပထမဦးစွာ အခက်အခဲအမျိုးမျိုးနဲ့ လုံခြုံရေးအခြေအနေ အမျိုးမျိုးကြားကနေပြီးတော့ ကျမတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ပါတီတည်ထောင်ခြင်း ၃၆ နှစ်ပြည့် အခမ်းအနားကို အချိန်ပေးပြီးတော့ တက်ရောက်လာခဲ့ကြတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ အဖွဲ့ဝင်တွေ၊ အမျိုးသား ညီညွတ်ရေးကောင်စီ အဖွဲ့ဝင်တွေ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစု ခေါင်းဆောင်တွေ၊ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေ၊ သမဂ္ဂတွေ၊ အမျိုးသမီးအဖွဲ့အစည်းတွေ၊ သပိတ်ကော်မတီ တွေ အပါအဝင် နိုင်ငံရေးအခြေပြု အရပ်ဘက်အဖွဲ့အစည်းတွေ၊ ရဲဘော်ရဲဘက်တွေ၊ လုပ်ဖော်ကိုင်ဘက် တွေ၊ ပြည်တွင်းပြည်ပ ဒေသအသီးသီးမှ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်တွေနဲ့ သဝဏ်လွှာ ပေးပို့ကြတဲ့ မဟာမိတ်အဖွဲ့အစည်းအားလုံးကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။

၂၀၂၁ နွေဦးတော်လှန်ရေးအပါအဝင် စစ်အာဏာရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ရေး တော်လှန်ရေး အဆက်ဆက်မှာ နည်းသဏ္ဍာန်မျိုးစုံနဲ့ ပါဝင်ခဲ့ကြတဲ့ အသက်၊ ခန္ဓာ၊ ဘဝတွေ ထည့်ဝင်ခဲ့ကြတဲ့ ကျမတို့ရဲ့ ရဲဘော်အပေါင်း၊ အာဇာနည်အပေါင်း၊ ပြည်သူအပေါင်းကိုလည်း အလေးအနက် အလေးပြု ဦးညွှတ် ကြောင်းကိုလည်း တပါတည်း ပြောချင်ပါတယ်။

၁၉၈၈ လူထုဒီမိုကရေစီအရေးတော်ပုံကြီးကနေ စတင်ခဲ့တဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ၃၆ နှစ်တာ ခရီးလမ်းကို လျှောက်လှမ်းရတာ တကယ်ကိုပဲ မလွယ်ကူခဲ့ပါဘူး။ ပါတီရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ပြည်သူသာအမိ ပြည်သူသာအဖဆိုတဲ့ ဆောင်ပုဒ်ကို ကိုင်စွဲပြီးတော့ မတရားတဲ့ အမိန့်အာဏာဟူသမျှကို တာဝန်အရ ဖီဆန်ခဲ့ကြတဲ့ အတွက်ကြောင့်မို့လို့ ကျမတို့ပါတီဝင်တွေ၊ ပါတီခေါင်းဆောင်တွေဟာ ဖိနှိပ်မှု ပေါင်းစုံ ကြုံတွေ့ခဲ့ကြရ၊ အသက် ခန္ဓာ ဘဝတွေ ပေးခဲ့ကြရတာ ဒီကနေ့ ဒီကာလအထိတိုင်ပဲ ဖြစ်ပါတယ်။ ကျမတို့ပါတီရဲ့ စံတန်ဖိုးသုံးရပ်ဖြစ်တဲ့ လွတ်လပ်မှု၊ တန်းတူမှုနဲ့ အမျိုးသားသွေးစည်းညီညွတ်မှုတို့ကို အကောင်အထည် ဖော်နိုင်ဖို့ဆိုရင် ကျမတို့ရဲ့ယုံကြည်ချက်အရ စစ်သုံးစစ် မရှိမှ ဖြစ်မှာပါ။ အခု ကျမတို့ ဆင်နွှဲနေကြတဲ့ နွေဦးတော်လှန်ရေးဟာဆိုရင် နောက်ဆုံးတိုက်ပွဲ ဖြစ်လိမ့်မယ်လို့ ကျမတို့ အသေအချာကို ယုံကြည်ပါတယ်။ ဒီနွေဦးတော်လှန်ရေးရဲ့ ရည်မှန်းချက်ပန်းတိုင်သုံးရပ်ကို အောင်မြင်စွာ ဆောင်ရွက် နိုင်ပြီးတော့ အန္တိမပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်နိုင်ဖို့အတွက်ဆိုရင် ဘုံသဘောထားကို ချမှတ်ပြီးတော့ စစ်သုံးစစ်ကို အမြစ်ဖြတ်နိုင်ဖို့က အင်မတန်မှပဲ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ၃၆ နှစ်ပြည့် ကြွေးကြော်သံအနေနဲ့ **ဘုံသဘောထားကို ချမှတ်၊ စစ်သုံးစစ်ကို အမြစ်ဖြတ်** လို့ ကျမတို့ ရွေးချယ်ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ဒီအခမ်းအနားကို ကျင်းပရာမှာ ဖိတ်ကြားမှုအရ၊ နည်းပညာပိုင်းအရ လိုအပ်မှု လွဲချော်မှု တစုံတရာရှိခဲ့တယ်ဆိုရင်လည်း နားလည်ပေးကြပါလို့ တောင်းပန်ရင်းနဲ့ ကျေးဇူးတင်စကားကို နိဂုံးချုပ်ချင်ပါတယ်။

ဘုံသဘောထားကို ချမှတ်၊ စစ်သုံးစစ်ကို အမြစ်ဖြတ်
စစ်အာဏာရှင်စနစ် မုချ ကျဆုံးရမည်။
အရေးတော်ပုံ အောင်ရမည်။

## အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့လှုပ်ရှားမှု

ဒီဇင်ဘာလ (၁၀)ရက်နေ့မှ (၂၄)ရက်နေ့အထိ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် လီဆူးလူငယ်အစည်းအရုံး– **LYC** သည် **''ဌာနေလူမျိုးစုများ၏ တရားမျှတမှုသည် ငါတို့အားလုံး၏ တရားမျှတမှု''** ခေါင်းစဉ်ဖြင့် လူထုဟောပြောပွဲ၊ လူထုလှုံ့ဆော်မှုများနှင့် လှုပ်ရှားမှုများ လုပ်ဆောင်သွားရာတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (**DPNS**) နှင့် လူ့ဘောင်သစ်လူငယ် (**YNS**) ရဲဘော်များမှ သွေးစည်းညီညွတ်မှုကို ပြသကာ ဓာတ်ပုံကမ်ပိန်းတွင် ပူးပေါင်းပါဝင်ခဲ့ပါသည်။



ပြန်လည်ဖော်ပြချက်

လူ့ဘောင်သစ်ဂျာနယ်၊ အတွဲ(၁၀) အမှတ် (၁) (၂၀၀၅ ခုနှစ်၊ မတ်လ)



# ညစ်ညို့ညို့အုတ်ရိုးနှစ်ထပ်နောက်က သက်တန့်ရောင်ကဗျာ

ဖွန်မိုင်း

(၁)

''အခုတခါ အလှည့်ကျသူကတော့ ဆရာဗဟုလွင်ပြင် ဖြစ်ပါတယ်။ ဆရာ ဗဟုလွင်ပြင်ခင်ဗျား ... ဆရာရဲ့ 'ရေသံသရာ' လို့ အမည်ပေးထားတဲ့ ကဗျာကို ရွတ်ဆိုပေးဖို့ ပန်ကြားအပ်ပါတယ်။'' အခမ်းအနားမှူးရဲ့ ဖိတ်ခေါ်မှုအပြီးမှာ ဆရာဗဟုလွင်ပြင်က ထိုင်ရာမှ ထလိုက်ပါတယ်။ အခမ်းအနားကိုရော တက်ရောက်လာသူများကိုရော လေးစားတန်ဖိုးထားကြောင်းကို ပြသတဲ့သဘော ပြုံးတယ်ဆိုရုံ အပြုံးနှင့် ကိုယ်ကို အနည်းငယ်ကိုင်းညွတ်ပြီး အရိုအသေပြုပါတယ်။

ပြီးတော့ မျက်နှာ တဖြည်းဖြည်း တည်လာတယ်။ ကဗျာစာရွက်ကလေးကို ဖြန့်လိုက်တယ်။ စာရွက်ကိုင်ထားတဲ့ သူ့လက်ဟာ သိသိသာသာပဲ တုန်နေတယ်။ ဆရာဗဟုလွင်ပြင်ဟာ သူ့ကဗျာထဲကို တိုးပြီး တိုးပြီး ဝင်သွားနေတာကို ကျနော်တို့ မြင်နေကြရသလိုပဲ။ ၅ စက္ကန့်လောက် ငြိမ်သက်သွားပြီးတဲ့နောက်မှာ ...

''ခေါင်းစဉ်ကို 'ရေသံသရာ' လို့ ပေးထားပါတယ်။ အကျဉ်းထောင်ထဲမှာ ဘဝတွေကို ပေးဆပ်နေကြတဲ့၊ အကျဉ်းထောင်ထဲမှာ အသက်တွေကို ပေးဆပ်သွားကြတဲ့ ကျနော်တို့ရဲ့ ရဲဘော်တွေအားလုံးကို အလေးအမြတ်ပြုရင်း ကျနော် ဒီကဗျာကို ရွတ်ပါမယ်''

အခမ်းအနားဟာ ငြိမ်သက်နေတယ်။ ကဗျာရွတ်သံကလွဲလို့ ဘာဆို ဘာသံကိုမှ မကြားရဘူး။

ကဗျာတပိုဒ် ပြီးသွားတိုင်း၊ ပြီးသွားတိုင်း ကဗျာဆရာဟာ ကဗျာထဲကို ပိုပိုပြီး နစ်ဝင်သွားတယ်။ ဆရာပွင့်၊ ဆရာဒေါင်းဝေဇော်၊ ဆရာရိုးမဆောင်း၊ ဆရာသူရိန်၊ ဆရာတြိငြိမ်းနှင့် ဆရာစစ်ငြိမ်းလူ။ သူတို့လည်း ဆရာဗဟုလွင်ပြင်ရဲ့ ကဗျာနှင့်အတူ မင်သက်လို့။

(၂)

ကျနော်တို့ အခမ်းအနားတခုကို ကျင်းပနေကြတာပါ။ အခမ်းအနားက စာဆိုတော်နေ့လည်း ဟုတ်တယ်။ အမေနေ့လည်း ဟုတ်တယ်။ လူထုဒေါ်အမာရဲ့ (၈၆) နှစ်မြောက်မွေးနေ့လည်း ဟုတ်တယ်။ ဒီ(၃) နေ့ကို ပေါင်းပြီး အခမ်းအနားတခု ကျင်းပနေကြတာပါ။

ဒီအခမ်းအနားမှာ ကိုယ်တိုင်ဖန်တီးထားတဲ့ ကဗျာတွေ၊ ဆောင်းပါးတွေ၊ စာတမ်းတွေ၊ ဝတ္ထုတိုတွေနဲ့ အမေများကို ပူဇော်နေကြတာလည်း ဖြစ်ပါတယ်။ အခမ်းအနားကျင်းပတဲ့ ခန်းမကတော့ သာယာဝတီအကျဉ်းထောင်၊ သီးသန့်(ခ) တိုက်ရဲ့ အခန်းနံပါတ်(၄)။ အခမ်းအနားကျင်းပတဲ့ သူတွေက သီးသန့်တိုက်ဝန်းထဲက နိုင်ငံရေးအကျဉ်းသားတွေ။ ကဗျာရွတ်နေတဲ့ ဆရာဗဟုလွင်ပြင် ဆိုတာကတော့ ...

(၃)

ကျနော်ကတော့ ဆရာဗဟုလွင်ပြင်ကို ငေးကြည့်ရင်း။

ဆရာဗဟုလွင်ပြင်ရဲ့ကဗျာကို ခံစားနေရင်း ကျနော်သိခဲ့တဲ့ ဆရာဗဟုလွင်ပြင်ကို မျက်စိထဲမှာ မြင်ယောင်နေမိတယ်။ ကျနော့်အတွေးဟာ ၁၉၈၈ ခုနှစ်ဆီကို ပြန်ပြေးနေတော့တယ်။

(၄)

ဆရာဗဟုလွင်ပြင်ဆိုတာ ကျနော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင် ရှစ်ဦးထဲကတဦး၊ သူ့အမည်အရင်းက ဂျင်မီခေါ် ကိုကျော်မင်းယု။ အဲဒီ့တုန်းက သူ့မျက်နှာက ကြည်ကြည် ရှင်းရှင်းလေး၊ တိုင်းရင်းသားတယောက်ရဲ့ ကြည်ရှင်းပုံမျိုး၊ နောက်မှ သိရတာက အင်းသားတယောက်ပဲ။ သူငယ်ငယ် ရန်ကုန်ရောက်ခါစ အင်းသံဝဲဝဲနှင့် အတန်းထဲမှာ အရမ်း အစခံရတဲ့အကြောင်း သူ ပြန်ပြောပြ ဖူးတယ်။

သူ့ကို ကျနော်မှတ်မိနေတာက

လည်ကတုံး ရှပ်အင်္ကျီအဖြူလက်ရှည်ကို လက်ခေါက်တင်ထားတတ်သူ၊ ပုဆိုး(ကချင်လုံချည်)ကို ခြေသလုံးလယ်လောက်ထိ တိုတိုဝတ်တတ်သူ၊ လွယ်အိတ်ကို ထုံးထားပြီး ကိုယ်နှင့် ချပ်ချပ်ရပ်ရပ် လွယ်တတ်သူ၊ လွယ်အိတ်ထဲမှာ ဖတ်စရာစာအုပ် တအုပ်၊ နှစ်အုပ် ထည့်ထားတတ်သူ၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီရဲ့ စည်းရုံးရေးကော်မတီမှာ အမြင့်ဆုံးတာဝန်ရှိသူ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဖြစ်နေတဲ့အချိန်မှာ အသက် (၁၉) နှစ်သာရှိသေးသူ။ သူဟာ ရုံးခန်းထဲကို ဝင်လာရင်လည်း ခြေလှမ်း ခပ်ကျဲကျဲနှင့် ခပ်သွက်သွက်။ ရုံးခန်းထဲက ပြန်ထွက်သွားရင်လည်း ခြေလှမ်းကျဲကျဲနှင့် ခပ်သွက်သွက်။ ရန်ကုန်ထဲက ရုံးခန်းဟူသမျှကို လှည့်ပတ်သွား၊ နယ်ကို ထွက်တဲ့အခါထွက်၊ စည်းရုံးရေးလုပ်ငန်းကို

မနားတမ်း လှုပ်ရှားသွားလာ လုပ်ကိုင်နေတတ်သူ။

သူဟာ တခြားလူငယ်တွေလိုပဲ စိန်ခေါ်ချက်တွေ အမျိုးမျိုးကို ဘယ်လို ရင်ဆိုင်ကျော်လွှား ခဲ့ရသလဲ ဆိုတာတွေကို အခါအားလျော်စွာ ကျနော့်ကို ပြောပြတတ်သူ။

(၅)

လှိုင်ကောလိပ်မှာ သတ္တဗေဒဘာသာတွဲနှင့် သူ တတိယနှစ်ကျောင်းသားအဖြစ် တက်နေတဲ့နှစ်မှာပဲ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော် ကျဆုံးရတဲ့ ပြဿနာပေါ်လာတယ်။ ရိုးရိုးသားသား အေးအေးချမ်းချမ်း ဖြေရှင်းရမယ့်ကိစ္စလေးကို ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်ရမည့် ပြဿနာကြီးတခုအဖြစ် မရိုးမသား ပုံကြီးချဲ့လာတာ၊ မျက်ရည်ယိုဗုံး ဒါမှမဟုတ် မီးသတ်ကားလောက်နဲ့ လူစုခွဲပေးလို့ ရပါလျက်နဲ့ ဂျီသရီးတွေ၊ ဂျီဖိုးတွေသုံးပြီး ကျောင်းသားအုပ်စုထဲကို တရစပ်ပစ်ခတ်လိုက်တာ။ ကျောင်းသားတွေရဲ့ စက်မှုတက္ကသိုလ်ဝန်းကို ရန်သူရဲ့ အခိုင်အမာစခန်းကုန်းတခုလို သဘောထားပြီး ကျားတက်ထိုးရင်း ပစ်ခတ်တိုက်ခိုက် သိမ်းပိုက်လိုက်တာ။ ကျဆုံးသွားတဲ့ ကျောင်းသားအလောင်းကို လွတ်လပ်စွာ သင်္ဂြိုဟ်ခွင့်တောင် မပေးဘဲ ကျောင်းသားတွေဆီက အတင်း ညတွင်းချင်း လုယက်သွားတာ စတဲ့ အချက်တွေဟာ ငြိမ်းငြိမ်းချမ်းချမ်း ပညာသင်ကြားလိုတဲ့ ကျောင်းသားတွေရဲ့ရင်ကို၊ ပြီးတော့ သူ့ရင်ကို တိုက်ရိုက်ကြီးကိုပဲ တည့်တည့်ထိမှန်ခဲ့ပါတယ်။

(၆)

ဒီလိုနဲ့ တံတားနီလှုပ်ရှားမှုထဲ သူရောက်လာခဲ့တယ်။ တဖြည်းဖြည်း တရွေ့ရွေ့ ပြည်လမ်းတလျှောက် ချီတက်လာတဲ့ ကျောင်းသားတွေရဲ့ တပ်ဦးကို သူရောက်သွားတယ်။

''ကျနော် အဲဒီတုန်းက ခေါင်းဆောင်လုပ်ရလိမ့်မယ်လို့လဲ ထင်မထားဘူး။ ကျောင်းသားလှုပ်ရှားမှု တခုကို ဦးဆောင်လှုပ်ရှားနိုင်လိမ့်မယ်လို့လည်း ကိုယ့်ကိုကိုယ် ယူဆမထားဘူး။ ဒါပေမဲ့ ပြောကြဆိုကြရင်း ကြွေးကြော်သံတွေ အောကြတိုင်ကြရင်း တပ်ဦးကို ရောက်မှန်းမသိ ရောက်သွားခဲ့ရတာ။''

(၁၀) နှစ်လောက်ကြာသွားတဲ့အခါမှာ သာယာဝတီအကျဉ်းထောင်ထဲမှာ ကျနော့်ကို သူ ပြန်ပြောပြတာပါ။

တံတားနီမှာပိတ်ပြီး နှစ်ဘက်ညှပ်ပြီး အရိုက်ခံရတော့ သူလည်း အရိုက်ခံရတယ်။ ဒါပေမဲ့ ပြေးတာမှန်သွားလို့ အဖမ်းတော့မခံရဘူး။ လှည်းတန်း၊ စံရိပ်ငြိမ်၊ (၆) မိုင်ခွဲဆိုတဲ့ နေရာတွေက သူ့နေရာတွေပဲ။ ဘယ်ကပြေးရင် ဘယ်ရောက်ပြီး ဘယ်ခြံစည်းရိုးကျော်ရင် ဘယ်ခြံထိရောက်တယ်ဆိုတာ သူသိပြီးသားပဲ။ ဒါကြောင့်လည်း သူ တံတားနီလူဖမ်းပွဲက လွတ်အောင် ရှောင်ထွက်နိုင်ခဲ့ပါတယ်။

သူရှောင်ထွက်လို့ မရနိုင်တာက ဒီမိုကရေစီရရှိရေး၊ လူ့အခွင့်အရေး အပြည့်အဝရရှိရေး တိုက်ပွဲကြီးပါ။

(၇)

ရှစ်ဆယ့်ရှစ်အရေးတော်ပုံကြီးစပြီ။

အရေးတော်ပုံကြီးကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဝိုင်းဝန်းပုံဖော်ခဲ့ကြတဲ့ ကျောင်းသားတွေ၊ ကိုယ့်အလုပ် အဖွဲ့တွေနဲ့ကိုယ် စုစည်းကြ စုဖွဲ့ကြနဲ့။

သူလည်း ရကသကို ဦးဆောင်ဖွဲ့စည်းခဲ့တယ်။ နိုင်ငံရေး Generation Gap (မျိုးဆက် အဆက်ပြတ်မှု) ကာလကြီးတခု အသေအချာ ကြားခံခဲ့တာကြောင့် တစုတည်းတဖွဲ့တည်း ဖြစ်ဖို့ မလွယ်ခဲ့ဘူး။

ကိုညိုထွန်းတို့၊ ကိုထက်မိုးတို့ရဲ့ ရန်ကုန်ခရိုင် ကျောင်းသားများသမဂ္ဂ(ရကသ) ရှိသလို ကိုတင့်ဆန်းနှင့် ကိုပြုံးချိုတို့ ဦးဆောင်တဲ့ (ရကသ) ဆိုတာလည်း ရှိခဲ့တယ်။ အဲဒီလိုပဲ ကိုဘကျော်နှင့် သူ ဦးဆောင်တဲ့ (ရကသ) ဆိုတာလည်း ရှိပြန်တယ်။ သူတို့(ရကသ)မှာ အမှုဆောင် ၁၀ ဦး ရှိပြီး သူ့အကို ကိုမျိုးမင်းယုလည်း အဲဒီ အမှုဆောင်ထဲမှာ ပါတယ်။ သူတို့အခုထိ တန်ဖိုးထား တခုတ်တရ ပြန်ပြောခဲ့တဲ့ အတွေ့အကြုံတခုကတော့ တကသမြက်ခင်းပြင်ကို ပထမဆုံးစရှင်းတာ ကျနော်တို့ပဲ။ အဲ့ဒီ ရှင်းထားတဲ့ မြက်ခင်းပြင်ပေါ်မှာ ကျနော်တို့ (ရကသ)ကို စုဖွဲ့ပြီး ပထမဆုံး သတင်းစာရှင်းလင်းပွဲလုပ်တာ ကျနော် အရမ်း ဂုဏ်ယူတယ်ဗျာ။ အဲ့ဒီဓာတ်ပုံ နောက်တနေ့ လက်ပွေ့လိုက်ရောင်းနေတဲ့ သတင်းစဉ်တွေမှာ ပါလာတော့ ကျနော်ဖြင့် ကြက်သီးတောင်ထတယ်။

ဒီလိုနဲ့ ဗကသများအဖွဲ့ချုပ်(ဗကသ)ကို ၂၈၊ ၈၊ ၈၈ နေ့မှာ တကသမြက်ခင်းပြင်မှာ ဖွဲ့ကြတော့ သူတို့ ရကသလည်း တက်ရောက်ခဲ့ကြပါတယ်။ သူတို့(ရကသ)ရဲ့ ကွန်စတီကျူးရှင်းမှာ ''တခုတည်းသော ဗကသ ပေါ်ပေါက်လာသည့်အခါ ၎င်း(ဗကသ)တွင် ပူးပေါင်းပါဝင်ပြီး ယခုဖွဲ့စည်းထားသော အမှုဆောင် အဖွဲ့ကို ဖျက်သိမ်းမည်'' ဟု ရေးသားထားတယ်လို့ သူက ပြောပြတယ်။ အဖွဲ့အစည်းတွေကလည်း



အမျိုးမျိုးရှိနေပြီ။ တခုနှင့်တခုကလည်း နားလည်မှုတွေ မပြည့်စုံနိုင်သေးတဲ့ အဲဒီကာလမှာ ကျနော်တို့ အဲဒီလို သဘောထားမျိုး ရေးဆွဲထားတာ မှန်တယ်လို့ ကျနော် အခုထိ ယုံကြည်တယ်လို့ ကျနော့်ကို သူပြောပြပါတယ်။

(၈)

စစ်အုပ်စုက အာဏာသိမ်းအပြီး နိုင်ငံရေးပါတီတွေ ထောင်ခွင့်ပေးလိုက်တော့ တောခိုမလား၊ ယူဂျီတပိုင်း (ရကသ)ပဲ ဆက်လုပ်မလား၊ ပါတီထောင်မလား။ အဲ့ဒီ မေးခွန်းသုံးခုဟာ သူတို့လို ကျောင်းသားလူငယ်နုနုတွေကို အကြိတ်အနယ်စိန်ခေါ်ခဲ့တဲ့ မေးခွန်းတွေ ဖြစ်ခဲ့ပါသတဲ့။ ဒါပေမဲ့ သူတို့စဉ်းစားမိတာက ပိုမို ကြီးမားကျယ်ပြန့်တဲ့ နိုင်ငံရေးတာဝန်တွေကို အကျေပွန်ဆုံး ထမ်းဆောင်နိုင်ဖို့ဆိုရင် နိုင်ငံရေးပါတီတခုရှိဖို့ အသေအချာ လိုအပ်တယ်လို့ ကျနော်တို့ စဉ်းစားဖြစ်တယ်။ အဲဒီမှာ ဗကသရယ်၊ မကသရယ်၊ ကျနော်တို့ ရကသရယ် တိုင်ပင်ဆွေးနွေး ဖြစ်ကြတယ်။ နောက်တော့ ဗကသနှင့် ကျနော်တို့ပဲ ပေါင်းပြီး ကျနော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို အစပြု တည်ထောင်ခဲ့ကြတာပါ။

(၉)

၁၉၈၉၊ ဇူလိုင် (၁၀) ရက်နေ့။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဌာနရုံးချုပ် (ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်း ထောင့်)၊ ရုံးခန်းဝရံတာမှာ အာဏာဖီဆန်ရေးတရားပွဲ ကျင်းပပြုလုပ်ကြတယ်။ ဒေါ်စုက ''ဒီလိုသာ ဖမ်းလားဆီးလား လုပ်နေမယ်ဆိုရင် ကျမအနေနဲ့ နဝတ တပ်ကို ဖက်ဆစ်တပ်လို့ ခေါ်ရတော့မှာပဲ''လို့ ပြောဆိုလိုက်တဲ့ ဒီပွဲမှာ၊ ပါတီဥက္ကဋ္ဌ ကိုအောင်ဇေယျက ''မောင်းပြန်ကို ဒေါင်းအလံနဲ့ တိုက်မယ်''လို့ ကြုံးဝါးလိုက်တဲ့ ဒီပွဲမှာ၊ သူက ''ဤတံတား နီသလား၊ ဖြူသလား ပြည်သူများ စဉ်းစားပါ'' ဆိုတဲ့ မေးခွန်းကို ထုတ်လိုက်ပါတယ်။ ထောင်တန်တဲ့ မေးခွန်းဖြစ်ခဲ့ပါတယ်။

ဤအာဏာဖီဆန်ပွဲအတွက် သူ့ကို ဥက္ကဋ္ဌနဲ့အတူ စစ်ခုံရုံးက ပုဒ်မ(၃)နဲ့ တရားစွဲဆိုပြီး ထောင်ဒဏ် တသက်တကျွန်း ချခဲ့ပါတယ်။ အသက်က (၁၉) နှစ်၊ ထောင်ဒဏ်က အနှစ်(၂၀) နှင့်တူသော ကျွန်း။

(၁၀)

သူ့ဘဝဟာ အပြင်မှာတဝက် ထောင်ထဲမှာ တဝက်လို ဖြစ်လာခဲ့ရတယ်။ အခုဆို ထောင်ထဲမှာ (၁၆) နှစ် ပြည့်တော့မယ်။

ကျနော်တို့ကို နိုင်ငံရေးအရ ခေါင်းမထောင်ရဲအောင်၊ လူမှုရေး၊ ပညာရေးတွေကို ဘယ်လိုမှ အညွန့်မလူနိုင်အောင် စစ်အုပ်စုက လုပ်ထားတာ။ ကျနော်တို့ကို သူဖြစ်စေချင်တာ ဖြစ်မသွားအောင်၊ ကိုယ့်ကိုကိုယ် ထောင်ထဲမှာ ဖြစ်နိုင်တဲ့၊ ရနိုင်တဲ့ နည်းနာတွေနဲ့ လေ့လာရေးလုပ်ကြမယ်။ ကိုယ့်ကိုကိုယ် ဖြည့်ဆည်းကြရမယ်။

ဒါ ထောင်ထဲမှာ သူကိုင်စွဲတဲ့ ပေါ်လစီ၊ ထောင်တွင်းနေထိုင်နည်း လုပ်ငန်းလမ်းညွှန်လည်း ဖြစ်တယ်။ ဒီလမ်းညွှန်အရပဲ အကျဉ်းထောင်ထဲမှာ ရသမျှ စာတွေ၊ အကြောင်းအရာတွေ၊ သမိုင်းဆိုင်ရာ

အချက်အလက်တွေကို လှေ့လာတယ်။ အထဲကို ဝင်လာသမျှ၊ ဖန်တီးယူလို့ ရသမျှ စာအုပ်စာတမ်းတွေက လေ့လာတယ်။ သက်ရှိစာအုပ်များလို့ ခေါ်အပ်တဲ့ နိုင်ငံရေးအကျဉ်းသားများထံက လေ့လာတယ်။

ဆွေးနွေးခြင်းဟာ အကောင်းဆုံးစာဖတ်ခြင်း ဖြစ်တယ် ဆိုတဲ့စကားဟာ အကျဉ်းထောင်ထဲမှာတော့ ပိုပြီး မှန်ကန်တယ်။ ဆရာဦးခင်မောင်မြင့်၊ ဦးလှရွှေ၊ ဦးညိုဝင်း၊ ဦးဝင်းတင်၊ ဦးအုန်းကြိုင်၊ ဦးမန်းဒါဝိတ်နှင့် ရှေ့မီနောက်မီပုဂ္ဂိုလ်များဟာ သူ့အတွက် ဖတ်စရာ၊ လေ့လာစရာ သက်ရှိကျမ်းအစောင်စောင် ဖြစ်ခဲ့ပါတယ်။ ပြီးတော့ သူနှင့် ခေတ်ပြိုင်များနှင့်လည်း အပြန်အလှန် ဖြည့်ဆည်းဖြစ်ကြတယ်။

(၁၁)

နိုင်ငံရေးအကျဉ်းသားတွေ ထောင်ထဲမှာ ဘယ်လို နေထိုင်သင့်သလဲ။ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဂုဏ်သိက္ခာနှင့် အခြေခံအခွင့်အရေးတွေကို ဘယ်လိုကာကွယ် စောင့်ရှောက်ကြမလဲ ဆိုတာတွေကို ဦးဆောင်ဖို့ နိုင်ငံရေးအကျဉ်းသားအခွင့်အရေး ကာကွယ်ရေးကော်မတီ (ခွင့်/ကာကော်မတီ)ကို ဒေါက်တာဇော်မြင့်မောင် (အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဗမျိုးသိန်း(ဒတည)၊ ဦးစိုးမြင့် (၄၈၂၈)တို့နှင့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုပြီး သူ ပါဝင်ဖွဲ့စည်းခဲ့ကြပါတယ်။ ဒီကော်မတီအနေနဲ့ ထောင်တွင်းသတင်းစုဆောင်းခြင်း၊ သတင်းဖလှယ်ခြင်း၊ သတင်းသုံးသပ်ခြင်းတွေ လုပ်နိုင်ခဲ့တယ်။ နိုင်ငံရေးအရ အထိမ်းအမှတ်ပြုရမည့် နေ့ရက်တိုင်းမှာ အထိမ်းအမှတ်ပွဲတွေ ကျင်းပနိုင်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတွေပါတဲ့ စိန်ရတုစာစောင်တခုကို ထုတ်ဝေနိုင်ခဲ့တယ်။ အကျဉ်းထောင်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စာတမ်းတစောင်ပြုစုပြီး ဒီစာတမ်းကို ဆရာဦးဝင်းတင်က အချော ပြင်ဆင်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးစောင့်ကြည့်သူ ကုလသမဂ္ဂသံတမန် မစ္စတာ ယိုဇိုယိုကိုတာထံသို့ (၁၉၉၅) ဇူလိုင်မှာ ပေးပို့နိုင်ခဲ့ပါတယ်။ ဒီအတွက်လည်း အင်းစိန်ထောင်အတွင်း နိုင်ငံရေးအကျဉ်းသားတွေထားတဲ့ တိုက်ခန်းဟူသမျှ ၁၉၉၅ ခု နှစ်ကုန်ပိုင်းမှာ မြေလှန်ရှာဖွေခံခဲ့ရတယ်။ ပါဝင်ပတ်သက်သူလို့ထင်ရသူ ၆၂ ဦးကို စစ်ခွေးတိုက်ပို့ပြီး စစ်ကြောရေးလုပ်တယ်။ ထောင်ကမကိုင်တော့ဘဲ စစ်ထောက်လှမ်းရေးက တိုက်ရိုက်ကိုင်တယ်။ ပြီးတော့မှ အမှုတွဲတခု အသေအချာ ပြင်ဆင်ပြီး ထောင်ထဲမှာပဲ စစ်ခုံရုံးဖွဲ့စစ်ဆေးပြီး ထောင်ပြန်ချတယ်။ တကယ်ရုံးတင်ပြီဆိုတော့ ၆၂ ယောက်လုံး မတင်တော့ဘူး။ ၂၄ ယောက်ကိုပဲ တင်တယ်။ အဲဒီ ၂၄ ယောက်မှာတော့ တချို့က ၅ နှစ် ၊ တချို့က ၇ နှစ်၊ တချို့က ၅ နှစ် + ၇ နှစ်၊ သူက အဲဒီ ၂ မှုပေါင်း ၁၂ နှစ်သမားတွေထဲမှာ ပါတယ်။

(၁၂)

ကျနော် သတိထားကြည့်မိသလောက်ဆိုရင် သူ့အမြင်က ရှင်းပြီး သူ့ရပ်တည်ချက်ကကောင်းပါတယ်။ ဦးအောင်မေသု အမြဲပြောတတ်တဲ့ ''ever strong, never down'' ဆိုတာထဲမှာသူအမြဲရှိတယ်။ သူ့ကို စစ်ထောက်လှမ်းရေးက လာပြီးအင်တာဗျူးတိုင်း သူက သူယုံကြည်တဲ့အတိုင်းရဲရဲဖြေတယ်။ လာမေးတဲ့အကြိမ်ရေက မနည်းဘူး။ ဒါပေမဲ့ ဘယ်အခါမှ သူ့အဖြေကို စစ်ထောက်လှမ်းရေးက သဘောမတွေ့သွားဘူး။

လွတ်တာ၊ မလွတ်တာက သူတို့အပိုင်းပါ။ ကျနော်တို့ဘက်ကတော့ ကိုယ်ယုံကြည်တဲ့အတိုင်း ပြောရဲဖို့၊ ပြောဖြစ်ဖို့ပဲ အရေးကြီးတယ်လို့ သူခံယူထားတာပါ။ မစ္စတာပင်ညဲရိုး (ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ်) သာယာဝတီအကျဉ်းထောင်ကို လာတွေ့စဉ်ကလည်း ထောင်ထဲက အခြေအနေအရပ်ရပ်ကိုရော၊ ကျနော်တို့အားလုံးရဲ့ ယုံကြည်ချက်ဖြစ်တဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာရေး လမ်းကြောင်းကိုရော သူ ပင်ညဲရိုးကို အသေအချာ ပြောပြလိုက်နိုင်ပါတယ်။

သူနဲ့ကျနော် တိုးတိုးတိတ်တိတ် စကားတွေ အများကြီး ပြောဖြစ်တယ်။ အပြန်အလှန် ဝေဖန်၊ အပြန်အလှန် အကြံပြု၊ အပြန်အလှန် အကူအညီပေးကြရင်း သာယာဝတီအကျဉ်းထောင်ရဲ့ နေ့ရက်များကို ကျယ်ဝန်းတဲ့ အဓိပ္ပာယ်တွေ ရှိစေခဲ့ပါတယ်။

(၁၃)

၂၀၀၄၊ ဖေဖော်ဝါရီ လကုန် တရက်မှာ ကျနော်တို့ကို ''နှုတ်ဆက်တဲ့ စကားဝိုင်းတခု'' သီးသန့်(ခ) တိုက်ထဲမှာ သူတို့ဦးစီးပြီး လုပ်ပေးကြပါတယ်။ ''မနက်ဖြန် မေလ (၁) ရက်နေ့မှာ ရဲဘော်တို့ အပြင်ရောက်ကြတော့မယ်။ အပြင်ရောက်ကြပြီ ဆိုတဲ့အခါ ...''

သူများလွတ်တော့မယ်ဆိုတိုင်း ကိုယ်ဟာ ဒီလို နှုတ်ဆက်ခဲ့ဖူးတာ ကြိမ်ရေမနည်းတော့ဘူး။ အခု သူများက ကိုယ့်ကို နှုတ်ဆက်နေပြီဆိုတဲ့အခါ ကျနော် ဝမ်းသာတာထက် ဝမ်းနည်းတာက ပိုများနေမိတာ အမှန်ပါ။ ကျနော်တို့ မတ်လ ၁ ရက်နေ့မှာ သူတို့ကို နှုတ်ဆက်ထွက်ခွာခဲ့ပါပြီ။ အုတ်ရိုးကြီးရဲ့ အပြင်ဘက်ကို ထွက်လိုက်တဲ့ တချိန်တည်းမှာ မမြင်ရတဲ့ အုတ်ရိုးကြီးတခု ဆက်ရှိနေသေးတယ် ဆိုတာကို ကျနော့်အသိထဲမှာ နက်နက်ရှိုင်းရှိုင်းကြီး ခံစားနေမိတယ်။ အဲဒီ့ မမြင်ရတဲ့ အုတ်ရိုးကြီးကို ဖြိုချပစ်နိုင်ရင် မြင်ရတဲ့အုတ်ရိုးတွေ အလိုလိုပြိုကျသွားမယ်ဆိုတာ ... ကျနော် အသေအချာ ယုံကြည်တယ်။

''ချစ်ခြင်းကို ချစ်ပါ။ မုန်းခြင်းကို မုန်းလိုက်ပါ။ တက်မက်မှုတွေကို ဖိနှိပ်ချုပ်ပြီး တခါတခါ ခေါင်းအုံးလုပ်ရတဲ့အဖြစ် တံခါးမရှိတဲ့ အလုံပိတ်အုတ်ဂူကြီးကို ငါ့ခွေးတွေနဲ့ စိမ်းလန်းခွင့် မပေးဘူး''

ဗဟုလွင်ပြင်ရဲ့ ကဗျာတပိုင်းတစကို ရွတ်ကြည့်နေမိရင်း တံခါးမရှိတဲ့ အလုံပိတ်အုတ်ဂူကြီးတွေ ထဲက တန်ဖိုးမဖြတ်နိုင်တဲ့ ရဲဘော်ညီအကိုများရဲ့ လွမ်းမောဖွယ် အကြောင်းအရာတွေကို ပြန်တွေးတောရင်း ကျနော့်ကို တင်ပေးလိုက်တဲ့ ပြည်–ရန်ကုန် အမြန်ယာဉ် (Express) ကြီးဟာ ပြည်လမ်းမပေါ်က တံလျှပ်တွေကြားမှာ တရိပ်ရိပ် ပြေးလွှားလို့ ...။

သာယာဝတီထောင်ကြီးရဲ့ အုတ်ရိုးညစ်ညို့ညို့ကြီးဟာ ရိတ်သိမ်းပြီးစ ရိုးပြတ်လယ်ကွင်းတွေရဲ့ နောက်မှာ ခပ်ပြုပြု မှုန်ရီရီ ကျန်ရစ်လို့ ...။

**ဖွန်မိုင်း**

၅၊ ၇၊ ၂၀၀၅။

# ပါတီ၏အခြေခံနိုင်ငံရေးရပ်တည်မှု

(က) ပါတီသည် မိမိတိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာများအား ချဉ်းကပ်ရာတွင်လည်းကောင်း၊ ဒေသတွင်းပြဿနာများနှင့် နိုင်ငံတကာရှိ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ ပြဿနာများအား ချဉ်းကပ်ရာတွင်လည်းကောင်း၊ လူသားတို့ ဖြတ်သန်းတိုးတက်ခဲ့ရသော လူမှုလက်တွေ့အပေါ်တွင် အခြေခံ၍ စဉ်းစားဆောင်ရွက်မည်။ (လူမှုရေးလက်တွေ့ဟု ဆိုရာ၌ လူ့အဖွဲ့အစည်းအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှု၊ လူတန်းစားတိုက်ပွဲ၊ ကုန်ထုတ်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှု၊ နိုင်ငံရေးဘဝ၊ ဝိဇ္ဇာ–သိပ္ပံ ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ အပါအဝင်ဖြစ်သည်။

(ခ) ပါတီသည် လူတဦးချင်းစီ၏ အတွေးအခေါ်၌ ''လူတန်းစားလက္ခဏာ ဖော်ပြချက်ရှိသည် ဟူသောအခြေခံအား ဆုပ်ကိုင်လျက် တိုင်းပြည်အတွင်း၊ နိုင်ငံတကာလှုပ်ရှားမှုများအတွင်း အဖိနှိပ်ခံလူတန်းစားများဘက်မှ အစဉ်ရပ်တည်ကာကွယ် စောင့်ရှောက်သွားမည် ဖြစ်သည်။

(ဂ) ပါတီသည် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးတို့ကို တည်ဆောက်တိုးချဲ့ ကာကွယ်ရာတွင် မိမိတို့၏ လူမှုရေးလက်တွေ့ကို သော့ချက်ကျသော အဖြေရှာမှုအဖြစ် ဆုပ်ကိုင်သွားမည်။ ပါတီသည် ဒီမိုကရေစီဘောင်အတွင်း တရားမျှတမှုအား အခိုင်အမာတောင်းဆိုပြီး အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစား၊ အမျိုးသားဝန်ရှင်စသော အဖိနှိပ်ခံပြည်သူတို့၏ အခွင့်အရေးများ အပြည့်အဝ ရရှိရေးအတွက် အစွမ်းကုန် ဆောင်ရွက်သွားမည်။ ထို့အပြင် လူမျိုးရေးအရ၊ ယဉ်ကျေးမှုအရ၊ ဘာသာရေးအရ၊ လိင်အရ ဖိနှိပ်ခွဲခြား ဆက်ဆံမှုများကို တိုက်ဖျက်သွားမည် ဖြစ်သည်။

(ဃ) မိမိတိုင်းပြည်နှင့် နိုင်ငံတကာပြဿနာများအား ဖြေရှင်းကြရာတွင်လည်း ပါတီအနေဖြင့် တိုင်းပြည်အတွင်းရှိ အဖိနှိပ်ခံပြည်သူတို့၏ သွေးစည်းညီညွတ်မှု၊ နိုင်ငံတကာပြည်သူတို့၏ သွေးစည်းညီညွတ်မှုဆိုင်ရာ လှုပ်ရှားမှုများဖြင့်သာ အောင်ပွဲခံနိုင်မည်ဟု ယုံကြည်သည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပါတီဝင်လက်စွဲ မှ
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ပါတီစုံညီ အစည်းအဝေးက အတည်ပြုသည်။)